ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**ဒုတိယအကြိမ် အမျိုးသားလွှတ်တော် တတိယပုံမှန်အစည်းအဝေး**

ဒသမနေ့မှတ်တမ်း

**၁၃၇၈ ခုနှစ်၊ နတ်တော်လဆန်း ၃ရက်**

**( ၂၀၁၆ ခုနှစ်၊ ဒီဇင်ဘာလ ၂ရက် )**

**[သောကြာနေ့]**

**အချိန်၊ ၁၀း၀၀။**

နေပြည်တော်ရှိ အမျိုးသားလွှတ်တော် အစည်းအဝေးခန်းမတွင် ဒုတိယအကြိမ် အမျိုးသားလွှတ်တော် တတိယပုံမှန်အစည်းအဝေး ဒသမနေ့ အစီအစဉ်ကို ၁၀း၀၀ နာရီအချိန်၌ စတင်ကျင်းပပါသည်။

[အမျိုးသားလွှတ်တော် ဥက္ကဋ္ဌအဖြစ် မန်းဝင်းခိုင်သန်း က ဆောင်ရွက်ပြီး၊ အခမ်းအနားမှူးအဖြစ် ဦးကြည်မင်း၊ ညွှန်ကြားရေးမှူးချုပ် အမျိုးသားလွှတ်တော်ရုံးက ဆောင်ရွက်ပါသည်။]

**အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ နေရာယူခြင်း**

**အချိန်၊ ၁၀း၀၀။**

**အခမ်းအနားမှူး။** ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ယခုအချိန်ကစပြီး ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဒုတိယအကြိမ် အမျိုးသားလွှတ်တော် တတိယပုံမှန်အစည်းအဝေးရဲ့ ဒသမနေ့ အစီအစဉ် စတင်ပါတော့မယ်ခင်ဗျား။

အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ ကြွရောက်လာပါပြီခင်ဗျား။

**အချိန်၊ ၁၀း၀၀။**

**ဥက္ကဋ္ဌ။** ။ အားလုံး မင်္ဂလာပါ။

[အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ သည် ဥက္ကဋ္ဌ အတွက် သတ်မှတ်ထားသည့် စင်မြင့်ပေါ်သို့ ကြွရောက်နေရာယူပါသည်။]

**အခမ်းအနားမှူး။** ။ အားလုံးထိုင်နိုင်ကြပါပြီခင်ဗျား။

## အမျိုးသားလွှတ်တော် အစည်းအဝေး အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း

**အချိန်၊ ၁၀း၀၃။**

**ဥက္ကဋ္ဌ**။ ။အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ ကျင်းပတဲ့ ဒုတိယအကြိမ် အမျိုးသားလွှတ်တော် တတိယပုံမှန်အစည်းအဝေး ဒသမနေ့မှာ လွှတ်တော်အခွင့်အရေးကော်မတီရဲ့ တင်ပြချက်အရ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိတဲ့ ကိုယ်စားလှယ်ဦးရေ စုစုပေါင်း (၂၂၁)ဦးရှိပြီး ဒီနေ့အစည်းအဝေးကို (၂၀၈)ဦး တက်ရောက်ပါတယ်။

အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိတဲ့ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်ဦးရေ စုစုပေါင်းရဲ့ (၉၄.၁၂)ရာခိုင်နှုန်းရှိပြီး တက်ရောက်တဲ့ ကိုယ်စားလှယ်ဦးရေဟာ အစည်းအဝေး အထမြောက်ရန်လိုအပ်တဲ့ ကိုယ်စားလှယ်ဦးရေ သုံးပုံတစ်ပုံထက် ကျော်လွန်တဲ့အတွက် ၂၀၁၂ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာ ဥပဒေပုဒ်မ ၄၂ နဲ့ ၂၀၁၅ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၂၄ နဲ့ ၂၈ တို့အရ အစည်းအဝေး အထမြောက်ကြောင်းနဲ့ အစည်းအဝေး စတင်ကျင်းပကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

## အစည်းအဝေး အစီအစဉ် ဖြန့်ဝေထားကြောင်း တင်ပြခြင်း

**အချိန်၊ ၁၀း၀၄။**

**ဥက္ကဋ္ဌ**။ ။အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ၂၀၁၅ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၄ အရ ဒုတိယအကြိမ် အမျိုးသားလွှတ်တော် တတိယပုံမှန်အစည်းအဝေးရဲ့ ဒသမနေ့ အစီအစဉ်ကို အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များထံ ကြိုတင်ဖြန့်ဝေထားပြီး ဖြစ်ပါတယ်။ အဲဒီ အစီအစဉ်အတိုင်း ကျင်းပပါမယ်။

## အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခွင့်ပန်ကြားခြင်း

**အချိန်၊ ၁၀း၀၄။**

**ဥက္ကဋ္ဌ**။ ။အစီအစဉ်(၄)ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။၂၀၁၅ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၄၁၊ နည်းဥပဒေခွဲ(က)အရ ခွင့်ပန်ကြားလိုတဲ့ လွှတ်တော်ကိုယ်စားလှယ်ဟာ မိမိကိုယ်တိုင်သော်လည်းကောင်း၊ မိမိအတွက် အခြားလွှတ်တော်ကိုယ်စားလှယ်တစ်ဦးကသော်လည်းကောင်း ခွင့်ပန်ကြားရမှာ ဖြစ်ပါတယ်။

ဒီကနေ့ အစည်းအဝေး မတက်ရောက်နိုင်တဲ့ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ ရှိလျှင် ခွင့်ပန်ကြားဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၀၅။**

**ဦးမြမင်းဆွေ၊ မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၉)**။ ။ လေးစားရပါသောအမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ယနေ့ကျင်းပပြုလုပ်တဲ့ ဒုတိယအကြိမ် အမျိုးသားလွှတ်တော် တတိယပုံမှန်အစည်းအဝေး ဒသမနေ့၂-၁၂-၂၀၁၆ရက်နေ့တွင် အစည်းအဝေးသို့ တက်ရောက်နိုင်ခြင်း

မရှိသော အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များကိုယ်စား မကွေးတိုင်းဒေသကြီး၊ မဲဆန္ဒနယ်အမှတ်(၉)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်၊ အမျိုးသားလွှတ်တော်လွှတ်တော် အခွင့်အရေးကော်မတီအဖွဲ့ဝင်ဖြစ်သူ ကျွန်တော် ဦးမြမင်းဆွေ က ခွင့်ပန်ကြားသွားမှာဖြစ်ပါတယ်။

ယနေ့အစည်းအဝေးသို့ တက်ရောက်နိုင်ခြင်းမရှိသော အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များမှာ ဦးပူဂင်ကမ်းလျန်၊ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၅)၊ ပြည်ပခရီးစဉ်။ ဒေါ်ကျိုနိုင်ကိုက်မန်၊ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၇)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးကြည်ဝင်း၊ ဧရာဝတီတိုင်းဒေသကြီး၊ မဲဆန္ဒနယ်အမှတ်(၁၂)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးပြုးလွင်၊ မကွေးတိုင်းဒေကြီး မဲဆန္ဒနယ်အမှတ်(၁၂)၊ UEC ခုံရုံးတက်ရန်။ ဒေါက်တာမြသောင်း၊ ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၇)၊ ကမ္ဘာ့ခုခံအား ကူးစက်ရောဂါ တိုက်ဖျက်ရေးနေ့အခမ်းအနားသို့ တက်ရောက်ရန်။ ဦးဝင်းကြိုင်၊ ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၀)၊ ပြည်ပခရီးစဉ်တို့ပဲ ဖြစ်ပါတယ်။

ယခင်ကခွင့်ပန်ကြားသဖြင့် လွှတ်တော်ကခွင့်ပြုထားသူ(၇)ဦးနှင့် ယနေ့ခွင့်ပန်ကြားသူ(၆)ဦးဖြစ်ပြီး စုစုပေါင်းခွင့်ပန်ကြားသူ(၁၃)ဦး ဖြစ်ပါတယ်။ ခွင့်မဲ့ပျက်ကွက်သူ မရှိပါကြောင်းနှင့် ယနေ့ခွင့်ပန်ကြားသူ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များကို လွှတ်တော်ကခွင့်အဖြစ် သတ်မှတ်ခွင့်ပြုပေးနိုင်ပါရန် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးအား လေးစားစွာဖြင့် တင်ပြအပ်ပါတယ်ခင်ဗျား။

**အချိန်၊ ၁၀း၀၆။**

**ဥက္ကဋ္ဌ**။ ။ ယခု ခွင့်ပန်ကြားချက်များကို ခွင့်ပြုဖို့ လွှတ်တော်က သဘောတူပါသလား ခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောတူတဲ့အတွက် ခွင့်ပန်ကြားချက်များကို လွှတ်တော်က ခွင့်ပြုကြောင်းကြေညာပါတယ်။ (သြဘာသံများ)

## အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေကို မှတ်တမ်းတင်ခြင်း

**အချိန်၊ ၁၀း၀၇။**

**ဥက္ကဋ္ဌ**။ ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ ဒုတိယအကြိမ် အမျိုးသားလွှတ်တော် တတိယပုံမှန်အစည်းအဝေး ဒသမနေ့ကို တက်ရောက်ခွင့်ရှိတဲ့ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်ဦးရေမှာ (၂၂၁)ဦး၊ ယခင်က ခွင့်ပန်ကြားသဖြင့် ခွင့်ပြုထားသူ(၇)ဦး၊ ယနေ့ခွင့်ပန်ကြားသဖြင့်ခွင့်ပြုထားသူ (၆)ဦးဖြစ်၍၊ အမျိုးသားလွှတ်တော်က စုစုပေါင်း ခွင့်ပြုထားသူ(၁၃)ဦးဖြစ်ပြီး ခွင့်မဲ့ပျက်ကွက်သူ မရှိပါ။

၂၀၁၅ ခုနှစ်၊အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၄၁၊ နည်းဥပဒေခွဲ(ဂ)အရ ယခု လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေ တင်ပြချက်ကို လွှတ်တော်ရဲ့ အတည်ပြုချက် ရယူပါမယ်။

အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှု အခြေအနေ တင်ပြချက်ကို လွှတ်တော်က အတည်ပြုပါသလား ခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က အတည်ပြုပါသည်။]

**ဥက္ကဋ္ဌ**။ ။လွှတ်တော်ကအတည်ပြုတဲ့အတွက် အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှုအခြေအနေကို အမျိုးသားလွှတ်တော်က အတည်ပြုမှတ်တမ်းတင်ကြောင်း ကြေညာပါတယ်။(သြဘာသံများ)

**ကြယ်ပွင့်ပြထားသည့် မေးခွန်းများကို သက်ဆိုင်ရာ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များကမေးမြန်းခြင်းနှင့် သက်ဆိုင်ရာ ပြည်ထောင်စုအဆင့်အဖွဲ့အစည်းဝင်များက ဖြေကြားခြင်း**

**အချိန်၊ ၁၀း၀၈။**

**ဥက္ကဋ္ဌ**။
။အစီအစဉ်(၅)ဖြစ်ပါတယ်။အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။လွှတ်တော်သို့ လွှတ်တော်ကိုယ်စားလှယ်များ မေးမြန်းထားတဲ့ ကြယ်ပွင့်ပြထားတဲ့မေးခွန်းတွေကို မေးမြန်းခြင်းနှင့် ဖြေကြားခြင်း အစီအစဉ် ဆောင်ရွက်မှာ ဖြစ်ပါတယ်။

ယခု လွှတ်တော်ကိုယ်စားလှယ်နှစ်ဦး မေးမြန်းတဲ့ မေးခွန်းများဟာ ပြည်ထဲရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး တစ်ဦးတည်းက ဖြေကြားမယ့် မေးခွန်းများဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များက သက်ဆိုင်ရာမေးခွန်းတွေကို တစ်ဆက်တည်း မေးမြန်းပြီးမှ ဒုတိယဝန်ကြီးက တစ်ခုချင်း ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်သာယာမြို့နယ်တွင် ရပ်ရွာအေးချမ်းသာယာမှုကို အကာအကွယ်ပေးနေသော ရဲဝန်ထမ်း (လုံခြုံရေး) အရေအတွက်ကို ထပ်မံတိုးမြှင့်ပေးရန် အစီအစဉ် ရှိ/မရှိနှင့် ရပ်ရွာလုံခြုံမှုကို ပြည်သူလူထုအတွက် မည်ကဲ့သို့ ကောင်းမွန်စွာ စီမံဆောင်ရွက်ထားသည်ကို သိရှိလိုခြင်းနှင့် စပ်လျဉ်းသည့် မေးခွန်း**

**အချိန်၊ ၁၀း၀၈။**

**ဥက္ကဋ္ဌ**။ ။ ပထမဦးစွာ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၁)မှ ဦးအေးဗိုလ် က ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်သာယာမြို့နယ်တွင် ရပ်ရွာအေးချမ်းသာယာမှုကို အကာအကွယ်ပေးနေသော ရဲဝန်ထမ်း(လုံခြုံရေး) အရေအတွက် ထပ်မံတိုးမြှင့်ပေးရန် အစီအစဉ် ရှိ/မရှိနှင့် ရပ်ရွာလုံခြုံမှုကိုပြည်သူလူထုအတွက် မည်ကဲ့သို့ ကောင်းမွန်စွာ စီမံဆောင်ရွက်ထားသည်ကို သိရှိလိုခြင်းနှင့် စပ်လျဉ်းတဲ့ မေးခွန်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၀၉။**

**ဦးအေးဗိုလ်၊ ရန်ကုန်တိုင်းဒေသကြီးမဲဆန္ဒနယ်အမှတ်(၁၁)**။ ။ လေးစားရပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ ပြည်ထောင်စုဝန်ကြီးများ၊ ဧည့်သည်တော်များ၊ လွှတ်တော်

ကိုယ်စားလှယ်အားလုံး မင်္ဂလာပါလို့ နှုတ်ခွန်းဆက်ပါတယ်။ ကျွန်တော်ကတော့ ရန်ကုန်တိုင်းဒေသကြီး၊ မဲဆန္ဒနယ်အမှတ်(၁၁) အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးအေးဗိုလ် ဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တို့ လှိုင်သာယာမြို့နယ်ဟာ (၂၆.၀၁)စတုရန်းမိုင် ကျယ်ဝန်းပြီး လူဦးရေ (၇)သိန်း နီးပါးရှိပါတယ်။ ရပ်ကွက်(၂၀)နှင့် ကျေးရွာ(၇)ရွာ၊ စုစုပေါင်းကျေးရွာ(၂၉)ခု ရှိသည့်အပြင် စက်မှုဇုန်ပေါင်း(၁၂)ဇုန် ရှိပါတယ်။ မြို့မရဲစခန်းနှင့် နယ်မြေစခန်း(၁)ခု ရှိပါတယ်။ လုံခြုံရေး ရဲဝန်ထမ်းအချိုးနှင့် ပြည်သူလူထုအချိုးမှာ(၁း၃၃၀၀)ရှိပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တို့နိုင်ငံမှာ ရပ်ရွာအေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေး အရေးကြီး လိုအပ်နေသလို လှိုင်သာယာမြို့နယ်ဟာ အနယ်နယ်အရပ်ရပ်က လာရောက်အခြေချနေထိုင်တဲ့ ရွှေ့ပြောင်းလူဦးရေအများဆုံး မြို့နယ်တစ်ခု ဖြစ်ပါတယ်။ လူမျိုးစုံ၊ အလွှာစုံ၊ စရိုက်စုံရှိပြီး တစ်နေ့တခြား လုယက်မှု၊ ခိုးမှု၊ သက်ငယ်မုဒိမ်းကျင့်မှု၊ လူဆိုးလူမိုက်များ အုပ်စုဖွဲ့ အနိုင်ကျင့်မှုများ ရှိနေခြင်းဟာ ပြည်သူလူထုအတွက် စိုးရိမ်ပူပန်မှု၊ အားကိုးယုံကြည်မှု၊ ဘဝလုံခြုံမှု မရှိသလို ခံစားနေရပါတယ်။ ပြည်သူလူထုကို လုံခြုံမှု အကာအကွယ်ပေးနေသော၊ တရားဥပဒေစိုးမိုးရေးကို ဆောင်ရွက်ပေးနေသော ပြည်သူ့ရဲဝန်ထမ်းများအား ရန်လိုမှုများအထိရှိခဲ့သည့်အပြင် အသတ်ခံ သေဆုံးမှုများ ရှိခဲ့ပါသည်။

ဥပမာအားဖြင့် စက်တင်ဘာလ ၉ ရက်၊ နဝဒေးအိမ်ရာမှာဖြစ်ပွားခဲ့တဲ့ ဒုတပ်ကြပ် ရဲသီဟ သေဆုံးမှုဟာအချိန်နှင့်တစ်ပြေးညီ တရားခံအားဖမ်းဆီးရာတွင် လုံလောက်သော လက်နက်အင်အား၊ ရဲအင်အား၊ သင့်လျော်သောယာဉ်များ၊ လိုအပ်ချက်များ ရှိခဲ့ပါတယ်။ လုံခြုံရေးဆောင်ရွက်နေသော ရဲဝန်ထမ်းများဘဝ လုံခြုံမှုကင်းမဲ့လာခြင်းဟာ ပြည်သူတွေဘဝ လုံခြုံမှုကင်းမဲ့တာနဲ့ အတူတူပါပဲ။ တရားဥပဒေစိုးမိုးရေး အာမခံမှု မရှိခြင်းဟာ တိုင်းပြည်အတွက် စိန်ခေါ်မှုတစ်ရပ် ဖြစ်နေပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ လှိုင်သာယာစက်မှုဇုန်ဟာ အထက်မှာဖော်ပြခဲ့တဲ့အတိုင်း မြန်မာနိုင်ငံမှာ အကြီးဆုံးစက်မှုဇုန်ကြီးတစ်ခု ဖြစ်သည့်အပြင် လုပ်သားအင်အားအများဆုံး ဖြစ်ပါတယ်။ အဲဒီနေရာမှာ နယ်မြေစခန်းတစ်ခု မရှိမဖြစ် လိုအပ်နေပါတယ်။ သို့ပါသောကြောင့် လှိုင်သာယာမြို့နယ်တွင် ရပ်ရွာအေးချမ်းသာယာမှုကို ကာကွယ်ပေးနေသော ရဲဝန်ထမ်း(လုံခြုံရေး) အရေအတွက်ကို ထပ်မံတိုးမြှင့်ပေးရန် အစီအစဉ် ရှိ/မရှိနှင့် ရပ်ရွာလုံခြုံမှုကို ပြည်သူလူထုအတွက် မည်ကဲ့သို့ကောင်းမွန်သည့် စီမံဆောင်ရွက်ထားမှုကို သိရှိလိုပါကြောင်း ဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးမြန်းရခြင်း ဖြစ်ပါတယ်။ အားလုံးကို ကျေးဇူးအများကြီးတင်ပါတယ်။ (သြဘာသံများ)

**ရှမ်းပြည်နယ်မြောက်ပိုင်း၊ လားရှိုးမြို့နယ်၊ ကောင်းကြဲ(ပိတ်)ကျေးရွာအုပ်စု၊ နားမွန်းကျေးရွာအတွင်းရှိ တောင်သူ (၁၂)ဦးပိုင်ဆိုင်သော ကွင်းအမှတ်(၁၀၂) ဆွမ်ကွယ်ကွင်း မြေနေရာအား တပ်သိမ်းမြေမှ မူလတောင်သူများထံ ပြန်လည် စွန့်လွှတ်ပေးပါရန်နှင့် နစ်နာသော တောင်သူများကို မည်ကဲ့သို့ ဖြေရှင်းဆောင်ရွက်ပေးမည်ကို သိရှိလိုခြင်းနှင့် စပ်လျဉ်းသည့် မေးခွန်း**

**အချိန်၊ ၁၀း၁၂။**

**ဥက္ကဋ္ဌ**။ ။ဆက်လက်ပြီး ရှမ်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၃)မှ ဦးစိုင်းဝမ်းလှိုင်းခမ်း က ရှမ်းပြည်နယ်မြောက်ပိုင်း၊ လားရှိုးမြို့နယ်၊ ကောင်းကြဲ(ပိတ်)ကျေးရွာအုပ်စု၊ နားမွန်းကျေးရွာအတွင်းရှိ

တောင်သူ (၁၂)ဦးပိုင်ဆိုင်သော ကွင်းအမှတ်(၁၀၂) ဆွမ်ကွယ်ကွင်းမြေနေရာအား တပ်သိမ်းမြေမှ မူလ တောင်သူများထံ ပြန်လည်စွန့်လွှတ်ပေးပါရန်နှင့် နစ်နာသောတောင်သူများကို မည်ကဲ့သို့ ဖြေရှင်း ဆောင်ရွက်ပေးမည်ကို သိရှိလိုခြင်းနှင့် စပ်လျဉ်းတဲ့ မေးခွန်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၁၃။**

**ဦးစိုင်းဝမ်းလှိုင်းခမ်း၊ရှမ်းပြည်နယ်မဲဆန္ဒနယ်အမှတ်(၃)။** ။ လေးစားအပ်ပါတဲ့ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ ပြည်ထောင်စုဝန်ကြီးများ၊ လွှတ်တော်ကိုယ်စားလှယ်များ အားလုံးမင်္ဂလာအပေါင်းနှင့် ခညောင်းကြပါစေလို့ ဦးစွာပဏာမ နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ ရှမ်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၃)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် စိုင်းဝမ်းလှိုင်းခမ်း ဖြစ်ပါတယ်ခင်ဗျား။ ဒီကနေ့ ကျွန်တော်မေးမယ့် ကြယ်ပွင့်ပြမေးခွန်းကတော့ ရှမ်းပြည်နယ်မြောက်ပိုင်း၊ လားရှိုးမြို့နယ်၊ ကောင်းကြဲ(ပိတ်)ကျေးရွာအုပ်စု၊ နားမွန်းကျေးရွာအတွင်းရှိ တောင်သူ (၁၂)ဦးပိုင်ဆိုင်သော ကွင်းအမှတ်(၁၀၂) ဆွမ်ကွယ်ကွင်းမြေနေရာအား တပ်သိမ်းမြေမှ မူလတောင်သူများထံ ပြန်လည်စွန့်လွှတ်ပေးပါရန်နှင့် နစ်နာသောတောင်သူများကို မည်ကဲ့သို့ ဖြေရှင်း ပေးမည်ကို သိရှိလိုခြင်းနှင့်စပ်လျဉ်းတဲ့မေးခွန်း ဖြစ်ပါတယ်ခင်ဗျား။

ဥက္ကဋ္ဌကြီးခင်ဗျား။ လားရှိုး-မူဆယ် ပြည်ထောင်စုလမ်းမကြီးဘေးရှိ အဆိုပါမြေသည် နားမွန်း ကျေးရွာ တောင်သူလယ်သမား(၁၂)ဦး ပိုင်ဆိုင်သည့်မြေများဖြစ်ပြီး ဘိုးစဉ်ဘောင်ဆက် နိုင်ငံတော်သို့ အခွန်အခများပေးဆောင်ကာ နှစ်ပေါင်းများစွာ စိုက်ပျိုးလုပ်ကိုင်လာခဲ့ကြတာ ဖြစ်ပါတယ်။ကျွန်တော်တို့ ၂၀၀၂ ခုနှစ် ဝန်းကျင်လောက်မှာ ရှမ်းပြည်နယ်အနှံ့ တောင်သူတို့ပိုင်ဆိုင်တဲ့ မြေယာပေါင်းများစွာကို ကြက်ဆူစီမံကိန်းဆိုပြီးအသိမ်းခံခဲ့ရပါတယ်။ ယနေ့တိုင် ထိုအသိမ်းခံမြေအမြောက်အမြား တောင်သူတို့ လက်ဝယ်ထံပြန်လည်မရောက်ရှိသေးဘဲ ပုဂ္ဂလိကပိုင်ကုမ္ပဏီလုပ်ငန်းဖြစ်သွားတဲ့ မြေယာ အများအပြား ရှိသလို အချို့ကတော့ တပ်ပိုင်မြေအဖြစ်လည်းကောင်း၊ အချို့လည်း တောင်သူတို့ထံ စွန့်လွှတ်ပြီး ပြန်လည်စိုက်ပျိုးလုပ်ကိုင်နေကြခြင်းနဲ့ လျော်ကြေးငွေများ ရရှိခြင်းလည်း ရှိပါတယ်။ ဒါကတော့ ရာခိုင်နှုန်း တော်တော်နည်းနေပါသေးတယ်ခင်ဗျား။

၂၀၁၀ ခုနှစ် နောက်ပိုင်းမှာ မြေယာနဲ့ အခြားမြေ သိမ်းဆည်းခံရမှုကော်မရှင် ရှိလာတော့ တောင်သူများမှ မျှော်လင့်ချက်ကြီးစွာဖြင့် ၎င်းတို့ပိုင်မြေများ ပြန်လည်ရရှိရေး အဆင့်ဆင့် အသနားခံ တင်ပြခဲ့ကြပါတယ်။ ဒီ နားမွန်းရွာသားတောင်သူ(၁၂)ဦးရဲ့ ယာမြေကလည်း အဆင့်ဆင့် ကြိုးစားတောင်းခံ လာခဲ့ပါသော်လည်း ယနေ့တိုင် ၎င်းတို့ရဲ့ နစ်နာမှုများ ကုစားခြင်း မခံရသေးပါခင်ဗျား။

ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်တော်ကြီးများခင်ဗျား။ မြေယာ အသိမ်းခံရတာဟာ လက်မောင်းနှစ်ဖက် အဖြတ်ခံထားရသလိုပဲ သွေးအပျက်ပျက်နှင့် မျှော်လင့်ချက်မဲ့ကာ မည်မျှပင်အတိ ဒုက္ခ ဆင်းရဲသည့်ဘဝဇာတ် အလူးအလဲခံစားရတယ်ဆိုတာ မြေသိမ်းခံရဖူးတဲ့ တောသူတောင်သား မိသားစုကလာတဲ့ ကျွန်တော့်အတွက်တော့ အထူးပြောစရာတော့ မရှိတော့ပါဘူးခင်ဗျား။ ဒါကြောင့် တောင်သူလယ်သမား ပြည်သူများ၊ ပိုင်ဆိုင်လုပ်ကိုင်ခဲ့ကြတဲ့ လယ်ယာမြေများ မူလပိုင်ရှင်အမှန် လက်ဝယ် ပြန်ရောက်အောင် မဆောင်ရွက်ပေးနိုင်သမျှကာလပတ်လုံး တောင်သူများ လက်ရှိပိုင်ဆိုင် ထားတဲ့မြေ ထပ်မံ၍ အဓမ္မသိမ်းဆည်းမခံရအောင် ကာကွယ်ပေးနိုင်တဲ့ ခိုင်မာသောဥပဒေမပြုပေးနိုင်

သမျှ ကာလပတ်လုံးမှာ ပြည်သူကိုယ်စားပြု လွှတ်တော်ကိုယ်စားလှယ်တစ်ယောက်အနေနဲ့ တာဝန် မကျေဘူးလို့ ခံစားရပါတယ်ခင်ဗျား။

ဒါကြောင့် ရှမ်းပြည်နယ်မြောက်ပိုင်း၊ လားရှိုးမြို့နယ်၊ ကောင်းကြဲ(ပိတ်)ကျေးရွာအုပ်စု၊ နားမွန်းကျေးရွာအတွင်းရှိ တောင်သူ(၁၂)ဦးပိုင်ဆိုင်သောကွင်းအမှတ်(၁၀၂) ဆွမ်ကွယ်ကွင်းမြေနေရာအား တပ်သိမ်းမြေမှ မူလတောင်သူများထံ ပြန်လည်စွန့်လွှတ်ပေးပါရန်နှင့် နစ်နာသောတောင်သူများကို မည်ကဲ့သို့ဖြေရှင်းပေးမည်ကို ဥက္ကဋ္ဌကြီးမှတစ်ဆင့် ရိုသေလေးစားစွာ မေးမြန်းအပ်ပါတယ်ခင်ဗျား။ အားလုံးကို ကျေးဇူးတင်ပါတယ်။ (ဩဘာသံများ)

**အချိန်၊ ၁၀း၁၆။**

**ဥက္ကဋ္ဌ**။ ။ မေးခွန်းများနဲ့ ပတ်သက်ပြီး ပြည်ထဲရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီးက တစ်ခုချင်း ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ဖြေကြားချက်**

**အချိန်၊ ၁၀း၁၆။**

**ဗိုလ်ချုပ်အောင်စိုး(ဒုတိယဝန်ကြီး၊ပြည်ထဲရေးဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသောအမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့်အမျိုးသားလွှတ်တော်ကိုယ်စားလှယ်တော်ကြီးများ၊ ဧည့်သည်တော်များအားလုံးမင်္ဂလာအပေါင်းနှင့်ပြည့်စုံပါစေလို့ ဦးစွာနှုတ်ခွန်းဆက်သပါတယ်။ ကျွန်တော်ကတော့ ပြည်ထဲရေးဝန်ကြီးဌာနမှ ဒုတိယဝန်ကြီး ဗိုလ်ချုပ်အောင်စိုး ဖြစ်ပါတယ်။ ရန်ကုန်တိုင်းဒေသကြီး အမှတ်(၁၁)မဲဆန္ဒနယ်မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးအေးဗိုလ် မေးမြန်းတဲ့ ကြယ်ပွင့်ပြ မေးခွန်းအပေါ် ပြန်လည်ရှင်းလင်း ဖြေကြားသွားမှာ ဖြစ်ပါတယ်။

ရန်ကုန်တိုင်းဒေသကြီး လှိုင်သာယာမြို့နယ်သည် (၂၆.၀၁)စတုရန်းမိုင်ကျယ်ဝန်းပြီး ရပ်ကွက် (၂၀)ရပ်ကွက်၊ ကျေးရွာအုပ်စု(၉)စု၊ အိမ်ခြေ (၁၃၄၀၁၃၆)အိမ်၊ အိမ်ထောင်စုပေါင်း (၁၄၉၇၁၇)စုနှင့် လူဦးရေစုစုပေါင်း (၆၈၆၈၄၈)ဦးရှိသော မြို့နယ်တစ်ခု ဖြစ်ပါတယ်။ ဒါ့အပြင် လှိုင်သာယာမြို့နယ် အတွင်းမှာ စက်ရုံ၊ အလုပ်ရုံ(၈၃၈)ရုံရှိပြီး အလုပ်သမားစုစုပေါင်း (၆၈၆၆၈)ဦး ရှိကြောင်းလည်း တွေ့ရှိရပါတယ်။ လှိုင်သာယာမြို့နယ်ဟာ အလုပ်အကိုင် အခွင့်အလမ်းရရှိတဲ့နယ်မြေဖြစ်တဲ့အတွက် အခြားသော ဒေသများမှ လာရောက်အလုပ်လုပ်ကိုင်သူများ ပေါများပြီး လူဝင်/လူထွက်ပေါများတဲ့ မြို့နယ်တစ်ခု လည်းဖြစ်ပါတယ်။ ဒီလိုလူဝင်/လူထွက်များပြားတဲ့ နယ်မြေဖြစ်တဲ့အတွက်ကြောင့်လည်း လှိုင်သာယာ မြို့နယ်ရဲ့ မှုခင်းဖြစ်ပွားမှုအခြေအနေကို လေ့လာကြည့်တဲ့အခါမှာ အခုနှစ် ၂၀၁၆ ခုနှစ်၊ ဇန်နဝါရီလမှ အောက်တိုဘာလအထိဖြစ်ပွားခဲ့တဲ့ အမှုအရေအတွက်မှာ အမှုကြီး(၅၂)မှု၊ အခြားအမှုပေါင်း(၁၁၁၈)မှု ဖြစ်ပွားခဲ့ကြောင်းလည်း တွေ့ရှိရပါတယ်။ လှိုင်သာယာမြို့နယ်အတွင်းမှာ မှုခင်းများ မဖြစ်ပွားစေရေး အတွက်လည်း ကြိုတင်ကာကွယ်မှုများကို အလေးအနက်ထားဆောင်ရွက်ခဲ့တဲ့အတွက် ကြိုတင်ကာကွယ်မှု (၁၁)မျိုးကို အရေးယူဆောင်ရွက်ခဲ့ရာမှာ ၂၀၁၆ ခုနှစ်၊ အောက်တိုဘာလကုန်အထိကို ကြိုတင်ကာကွယ်မှု ပေါင်း (၂၀၄၁)မှု ဖမ်းဆီးအရေးယူနိုင်ခဲ့ကြောင်းလည်း တွေ့ရှိရပါတယ်။

လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တို့ ပြည်ထဲရေး ဝန်ကြီးဌာန မြန်မာနိုင်ငံရဲတပ်ဖွဲ့အင်အားဟာ လက်ရှိအခြေအနေမှာ ဖွဲ့စည်းပုံအင်အားရဲ့ (၄၆.၉၉) ရာခိုင်နှုန်းသာ ရှိတဲ့အတွက်ကြောင့်မို့လို့ ရဲတပ်ဖွဲ့အင်အားကို အလျင်အမြန် တိုးမြှင့်ဆောင်ရွက်နိုင်ရေး အတွက်လည်း ဝန်ကြီးဌာနအနေနဲ့ရော မြန်မာနိုင်ငံရဲတပ်ဖွဲ့ဌာနချုပ်အနေနဲ့ပါ အလေးအနက်ထား ဆောင်ရွက်လျက်ရှိပါတယ်။ ရဲတပ်ဖွဲ့အင်အားဟာ ရာခိုင်နှုန်းပြည့်မီမှု မရှိသော်လည်းပဲ ရန်ကုန်တိုင်း ဒေသကြီးအတွင်းမှာ လူဦးရေထူထပ်ခြင်း၊ အလုပ်အကိုင်အခွင့်အလမ်း ပေါများတဲ့အတွက် နေ့စဉ် အခြားဒေသမှ ဝင်/ထွက် သွားလာမှုများ များပြားခြင်းတို့ကြောင့် အခြားသောတိုင်းဒေသကြီး၊ ပြည်နယ်များထက် မှုခင်းဖြစ်ပွားမှုအခြေအနေများ ပိုမိုဖြစ်ပွားလျက်ရှိနိုင်တဲ့အတွက် မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ ဌာနချုပ်အနေဖြင့် ရန်ကုန်တိုင်းဒေသကြီး ရဲတပ်ဖွဲ့အင်အားကို ဖွဲ့စည်းပုံအင်အားရဲ့ (၇၉.၄၅) ရာခိုင်နှုန်းအထိ တာဝန်ခွဲဝေချထားပေးခဲ့ပြီး တစ်နိုင်ငံလုံးအတိုင်းအတာအနေဖြင့် အင်အားအများဆုံး ချထားပေးတဲ့ တိုင်းဒေသကြီးတစ်ခုလည်းဖြစ်ကြောင်း တင်ပြအပ်ပါတယ်။

ဒ့ါအပြင် လှိုင်သာယာမြို့နယ်မှာ လုံခြုံရေး၊တရားဥပဒေစိုးမိုးရေးတာဝန်တွေကို ဆောင်ရွက် နိုင်ဖို့အတွက် မြို့နယ်ရဲတပ်ဖွဲ့မှူးရုံး (၁)ရုံးနဲ့ လှိုင်သာယာမြို့မရဲစခန်း(၁)ခု သောင်ကြီးနယ်မြေ ရဲစခန်း(၁)ခု စုစုပေါင်းရဲစခန်း(၂)ခု ဖွင့်လှစ်ထားရှိပြီး လှိုင်သာယာမြို့နယ်ရဲ့ မူလဖွဲ့စည်းပုံပါ တပ်ဖွဲ့အင်အားထက် ပိုမိုပြီးတိုးမြှင့် ခန့်အပ်ပေးထားလျက်ရှိပါတယ်။ လက်ရှိ လှိုင်သာယာမြို့နယ်သို့ ရဲတပ်ဖွဲ့ဝင်အင်အားခန့်ထားပေးမှုမှာ စုစုပေါင်းအင်အားရဲ့ (၁၀၅.၃၉)ရာခိုင်နှုန်းအထိ ရာခိုင်နှုန်းပြည့် ဖွဲ့စည်းပုံထက် ကျော်လွန်ခန့်အပ်တာဝန်ပေးအပ်ထားကြောင်းလည်း တင်ပြအပ်ပါတယ်။ ရန်ကုန်တိုင်း ဒေသကြီးရဲတပ်ဖွဲ့အနေနဲ့ တိုင်းဒေသကြီးအတွင်းမှာရှိတဲ့ မြို့နယ်(၄၅)မြို့နယ်မှာ တရားဥပဒေစိုးမိုးရေး၊ မှုခင်းကြိုတင်ကာကွယ်ရေးနဲ့ မှုခင်းကျဆင်းရေးလုပ်ငန်းတွေကို ဆောင်ရွက်ရာမှာ မှုခင်းဖြစ်ပွားမှု အခြေအနေ၊ မှုခင်းဖြစ်ပွားနိုင်တဲ့နေရာများရဲ့အခြေအနေ၊ မှုခင်းဖြစ်ပွားတတ်တဲ့အချိန်များနဲ့ မှုခင်း ဖြစ်ပွားတတ်တဲ့အကြောင်းအရာများကိုအခြေခံပြီး ခရိုင်၊ မြို့နယ်များအလိုက်လည်း စီမံချက်များ ရေးဆွဲဆောင်ရွက်လျက်ရှိပါတယ်။ ရန်ကုန်တိုင်းဒေသကြီး ရဲတပ်ဖွဲ့မှူးရုံး၊ မြောက်ပိုင်းခရိုင် ရဲတပ်ဖွဲ့မှူး ရုံးတို့ရဲ့ကွပ်ကဲမှုနဲ့ လှိုင်သာယာမြို့နယ်ရဲတပ်ဖွဲ့မှ ရပ်ကွက်များရဲ့လုံခြုံရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး၊ မှုခင်းများမဖြစ်ပွားအောင် ကြိုတင်ကာကွယ်ရေး၊ မှုခင်းကျဆင်းရေးတို့ကိုလည်း ရဲတပ်ဖွဲ့ဝင်များနဲ့အတူ ရပ်ကွက်အုပ်ချုပ်ရေးအဖွဲ့များ၊ ရပ်မိရပ်ဖများ၊ တက်ကြွတဲ့လူငယ်များနဲ့ ပူးပေါင်း ပြီးတော့လည်း အလေးအနက်ထား ဆောင်ရွက်လျက် ရှိပါတယ်။ လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေး လုပ်ငန်းစဉ်များအတွက် လိုအပ်တဲ့အချိန်တွေမှာ ရဲတပ်ရင်းများမှ အင်အားများကို ထုတ်နုတ်ပြီး တော့လည်း အင်အားဖြည့်တင်း ပူးပေါင်းဆောင်ရွက်ပေးမှုများလည်း အလေးထားဆောင်ရွက်လျက် ရှိပါတယ်။

ရပ်ကွက်များသို့ အခြားဒေသမှ မသင်္ကာဖွယ်လူစိမ်းတွေ ရောက်ရှိလာမှု ရှိ/မရှိကိုလည်း သက်ဆိုင်ရာ ရပ်ကွက်အုပ်ချုပ်ရေးအဖွဲ့များနှင့် ပူးပေါင်း၍သတင်းရယူခြင်း၊ ပိတ်ဆို့ရှာဖွေ စစ်ဆေး ခြင်း၊ သင်္ကာမကင်းဖြစ်ဖွယ် လူစိမ်းတွေတွေ့ရှိလျင် ၎င်းတို့နေထိုင်ရာအပိုင်ရဲစခန်းကနေတစ်ဆင့် မျက်ခြေမပြတ် စောင့်ကြည့်လေ့လာ စုံစမ်းခြင်းတွေကိုလည်း အလေးထားဆောင်ရွက်လျက် ရှိပါတယ်။ လှိုင်သာယာမြို့နယ်မှာရှိတဲ့ ပြည်သူလူထုအတွင်းမှာ မှုခင်းကြိုတင်ကာကွယ်ရေးအတွက်လည်း ရပ်ကွက်

အုပ်ချုပ်ရေးမှူးရုံးများနှင့် အခြေခံပညာကျောင်းတွေမှာ ပညာပေးဟောပြောမှုများကိုလည်း အလေးထား ဆောင်ရွက်လျက်ရှိပါတယ်။ ဒီလိုဆောင်ရွက်တဲ့အခါမှာ ၂၀၁၆ ခုနှစ်အထိ၊ ဒီ အောက်တိုဘာလ အတွင်းမှာ မူးယစ်ဆေးဝါး အသိပညာပေးဟောပြောခြင်း(၁၉)ကြိမ်၊ လူကုန်ကူးမှု တားဆီးကာကွယ်ရေး အသိပညာပေးဟောပြောမှု(၁၃)ကြိမ်၊ သက်ငယ်မုဒိမ်းနှင့် မှုခင်းအသိပညာပေး ဟောပြောခြင်း (၂၁)ကြိမ် ဆောင်ရွက်နိုင်ခဲ့ပါတယ်။

ဒါ့အပြင် မှုခင်းကြိုတင်ကာကွယ်ရေးအတွက် ဟောပြောမှုများကိုလည်း အလေးအနက်ထား ဆောင်ရွက်လျက်ရှိကြောင်း တင်ပြပါတယ်။ ဒါ့အပြင် မြို့နယ်အတွင်း မှုခင်းကျဆင်းရေး လုပ်ငန်းများ ဆောင်ရွက်ရာမှာ ရဲတပ်ဖွဲ့အင်အားတစ်ခုတည်းနဲ့သာ ဆောင်ရွက်ခြင်းထက် နယ်မြေခံ ပြည်သူလူထုရဲ့ အားကိုပါ ပူးပေါင်းရယူဆောင်ရွက်ရန် လိုအပ်တဲ့အတွက်ကြောင့်မို့လို့ ရပ်ကွက်အုပ်ချုပ်ရေးမှူးများ၊ ရပ်မိရပ်ဖများ၊ တက်ကြွသောလူငယ်များနဲ့ပူးပေါင်းပြီး ရပ်ရွာအခြေပြုရဲလုပ်ငန်းစဥ်ဖြစ်တဲ့ (Community Policing)ကိုလည်း အလေးအနက်ထား ကျင့်သုံးဆောင်ရွက်လျက်ရှိပါတယ်။ ဒါ့အပြင် ရန်ကုန်တိုင်း ဒေသကြီး ရဲတပ်ဖွဲ့မှူးရုံးမှာရှိတဲ့ 199 Call Centre ကိုလည်း ကွန်တော်တို့ ဖွင့်လှစ်ထားရှိပြီးတော့ ပြည်သူများကနေတောင်းခံလာတဲ့ အကူအညီကိစ္စရပ်တွေ၊ သတင်းပေးတိုင်တန်းတဲ့ကိစ္စရပ်တွေကိုလည်း သတင်းရရှိတာနဲ့တစ်ပြိုင်နက်တည်း အရေးယူဆောင်ရွက်နိုင်ဖို့အတွက် ဆက်သွယ်ရေးစက်မှတစ်ဆင့် နယ်မြေအတွင်းမှာ(၂၄)နာရီမပြတ် လှည့်ကင်းဆောင်ရွက်နေတဲ့ လုံခြုံရေးလှည့်ကင်းယာဥ်များကို အချိန်နှင့်တစ်ပြေးညီ ဆက်သွယ်အကြောင်းကြားပြီး အရေးယူဆောင်ရွက်ပေးလျက်ရှိကြောင်းလည်း တင်ပြပါတယ်။ လှိုင်သာယာမြို့နယ်အတွင်း တရားဥပဒေစိုးမိုးရေး၊ မှုခင်းကျဆင်းရေးလုပ်ငန်းများကို ထိထိရောက်ရောက် ဆောင်ရွက်နိုင်ဖို့အတွက် ရပ်ရွာအခြေပြု ရဲလုပ်ငန်း(Community Policing) ရဲ့ ရှေ့ပြေးစီမံချက်ကို ၂၀၁၆ ခုနှစ်၊ ဇွန်လ ၁၄ ရက်နေ့မှာ စတင်ပြီး ကျင့်သုံးဆောင်ရွက်ခဲ့ပါတယ်။

ဒီလိုဆောင်ရွက်ခဲ့တဲ့အတွက်ကြောင့် ၃၁-၁၀-၁၂၀၁၆ ရက်နေ့အထိ လှိုင်သာယာမြို့နယ် တစ်ခုတည်းမှာပဲ စစ်ပြေး(၄၆)ဦး၊ ရဲဘက်ပြေး(၆)ဦး၊ တရားခံပြေး(၄၂)ဦး စုစုပေါင်း(၁၀၀)ဦးအထိ ယခင်ကာလတွေထက် တိုးမြှင့်ဖမ်းဆီးအရေးယူနိုင်ခဲ့ကြောင်းလည်း တွေ့ရှိရပါတယ်။ ဒါ့အပြင် မှုခင်း ကျဆင်းရေးကိုလည်း များစွာ အထောက်အကူဖြစ်စေတဲ့အကြောင်း တွေ့ရှိရပါတယ်။ အဆိုပါ ရှေ့ပြေး စီမံချက်ဟာ ရဲတပ်ဖွဲ့နှင့်ပြည်သူကြား ပူးပေါင်းဆောင်ရွက်မှုတွေကို ပိုမိုကောင်းမွန်စေပြီးမှုခင်း ကျဆင်းရေးကိုလည်း အထောက်အကူဖြစ်စေတဲ့အတွက် လှိုင်သာယာမြို့နယ်အတွင်းမှာ Community Policing ကို အရှိန်အဟုန်မြင့် ဆက်လက်ဆောင်ရွက်သွားမှာဖြစ်ကြောင်း တင်ပြပါတယ်။

သို့ပါ၍ ရန်ကုန်တိုင်းဒေသကြီးအတွင်း လူဦးရေအများဆုံးနေထိုင်တဲ့ မြို့နယ်တစ်ခုဖြစ်တဲ့ လှိုင်သာယာမြို့နယ်အတွင်း လုံခြုံရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေးလုပ်ငန်း များကို ဆောင်ရွက်နိုင်ဖို့အတွက် ရဲတပ်ဖွဲ့ဝင်အင်အားကို ခွင့်ပြုအင်အားထက် ပိုမိုတာဝန်ချထား ဆောင်ရွက်ပေးလျက်ရှိသည့်အပြင် ရန်ကုန်တိုင်းဒေသကြီး ရဲတပ်ဖွဲ့မှူးရုံး၊ မြောက်ပိုင်းခရိုင် ရဲတပ်ဖွဲ့ ရုံးတို့မှာ ရဲတပ်ဖွဲ့ဝင်အင်အားများသာမက နယ်မြေခံပြည်သူလူထုပူးပေါင်းပါဝင်တဲ့ ရပ်ရွာအခြေပြု ရဲလုပ်ငန်းစနစ်ဖြစ်တဲ့ (Community Policing) ကိုလည်း ကျင့်သုံးဆောင်ရွက်လျက်ရှိပါကြောင်းနှင့် နယ်မြေအတွင်း လုံခြုံရေးလုပ်ငန်းစဥ်များအရ ရဲတပ်ဖွဲ့ဝင်အင်အားလိုအပ်ချိန်များမှာလည်း ရဲတပ်ရင်းမှ

အင်အားများကို အချိန်နှင့်တစ်ပြေးညီထုတ်နုတ်ပြီး အင်အားများ ဖြည့်တင်းပူးပေါင်း ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ပြန်လည်ရှင်းလင်းဖြေကြားအပ်ပါတယ်။ အားလုံးကျေးဇူးတင်ပါတယ်။

လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်ကြီးများခင်ဗျား။ ကျွန်တော့်အနေနဲ့ ဆက်လက်ပြီး ရှမ်းပြည်နယ် အမှတ်(၃)မဲဆန္ဒနယ်မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းဝမ်းလှိုင်းခမ်း မေးမြန်းတဲ့ ကြယ်ပွင့်ပြမေးခွန်းအပေါ် ဆက်လက်ပြီး ရှင်းလင်းဖြေကြားပါမယ်။ ရှမ်းပြည်နယ်မြောက်ပိုင်း၊ လားရှိုးခရိုင်၊ လားရှိုးမြို့နယ်၊ ကောင်းကြဲ(ပိတ်)ကျေးရွာအုပ်စု၊ နားမွန်းကျေးရွာ အတွင်းရှိတဲ့ လယ်မြေဧကနှင့် ပတ်သက်ပြီး မေးမြန်းထားခြင်းဖြစ်ပါတယ်။

မြို့နယ်လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာနရဲ့ အမည်ပေါက် လုပ်ကိုင်သူမရှိသည့် ၎င်းမြေပေါ်မှာ လယ်ယာဧရိယာ(၉၁.၉၄)ဧကကို ၂၀၀၄ ခုနှစ်မှာ ဦးစိုင်းထွန်းအေး စိုစိုပြေပြေ အုတ်စက်ရုံနှင့် အုတ်ဖုတ်မြေနေရာအဖြစ် အသုံးပြုနိုင်ဖို့အတွက် လယ်ယာမြေ အခြားနည်းအသုံးပြုခွင့် (လ/န၃၉)ကို ၎င်းမှလုပ်ထုံးလုပ်နည်းနဲ့အညီ လျှောက်ထားရယူခဲ့ကြောင်း တွေ့ရှိရပါတယ်။ စိုစိုပြေပြေ အုတ်စက်ရုံအမည်ဖြင့်ရရှိခဲ့တဲ့ မြေဧရိယာ(၉၁.၉၄)ဧကအတွင်းမှာရှိတဲ့ ကွင်းအမှတ်(၁၀၂) ဆွမ်ကွယ်ကွင်းမှာရှိတဲ့ မေးခွန်းမှာပါရှိတဲ့ မြေဧက(၃၀.၂၅)ဧကကလည်း ၎င်း(လ/န၃၉)ရရှိသွားခဲ့တဲ့ မြေဧရိယာထဲမှာ ပါဝင်ကြောင်းတွေ့ရှိရပါတယ်။ ဒီ စိုစိုပြေပြေ အုတ်စက်ရုံအမည်နဲ့ (လ/န၃၉) ခွင့်ပြုမိန့် ရရှိခဲ့တဲ့ မြေဧရိယာ(၉၁.၉၄)ဧကမှာ နည်းပညာတက္ကသိုလ်ကျောင်းမြေနယ်နိမိတ်(၃.၄၇)ဧကနဲ့ Universal ဆောက်လုပ်ရေးကုမ္ပဏီအတွက် မြေဧရိယာ(၂၇)ဧကပါခဲ့တဲ့အတွက် အုတ်စက်ရုံနှင့် အုတ်ဖုတ်မြေနေရာ အတွက်သာ (၆၁.၄၇)ဧကသာ ကျန်ရှိခဲ့ကြောင်း စိစစ်တွေ့ရှိရပါတယ်။

၂၀၀၈ ခုနှစ်မှာ နှစ်ရှည်ပင်များ စိုက်ပျိုးရေးစီမံကိန်းအရ တိုင်းစစ်ဌာနချုပ်ကွပ်ကဲမှု အောက်တပ်ရင်း၊ တပ်ဖွဲ့များရဲ့ နှစ်ရှည်စိုက်ခင်းများအသုံးပြုရန် မြေနေရာ ရှာဖွေဆောင်ရွက်စဉ် စိုစိုပြေပြေအုတ်စက်ရုံမှ(လ/န၃၉)ခွင့်ပြုမိန့်ရရှိပြီးဖြစ်တဲ့ မြေဧရိယာ(၆၁.၄၇)ဧကကို မူလခွင့်ပြုထားသည့် နည်းလမ်းအတိုင်း အသုံးပြုထားခြင်းမရှိတဲ့အတွက်ကြောင့်မို့လို့ အုတ်စက်ရုံမြေနေရာအတွက် မြေဧရိယာ (၁၅)ဧကကိုချန်လှပ်ပြီး၊ ကျန်မြေဧရိယာ(၄၆.၄၇)ဧကကို အရှေ့မြောက်တိုင်းစစ်ဌာနချုပ်ရဲ့ နှစ်ရှည်စိုက်ခင်းများအဖြစ် လွှဲပြောင်းရယူအသုံးပြုခဲ့ကြောင်း တွေ့ရှိရပါတယ်။ ထို့နောက် အဆိုပါမြေဧရိယာ (၄၆.၄၇) ဧကဟာ မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ စီမံခန့်ခွဲမှုဗဟိုအဖွဲ့ရဲ့ ၂၀၁၁ ခုနှစ်၊ မေလ ၃၀ ရက်နေ့ ရက်စွဲပါစာအမှတ်၊ ၅၃၆၉/၁၀ မယ(ဖ)(၁၁) ၂၀၁၁ဖြင့် အရှေ့မြောက်ပိုင်းစစ်ဌာနချုပ်ပိုင် ကုန်းမြင့် စိုက်ခင်းမြေအဖြစ် အသုံးပြုရန်အတွက် ၂၀၁၀-၂၀၁၁ ခုနှစ်မှ ၂၀၄၀-၂၀၄၁ ခုနှစ်အထိ နှစ်(၃၀) မြေလွတ်၊ မြေရိုင်း လုပ်ပိုင်ခွင့်ရရှိခဲ့တဲ့ မြေဧရိယာဖြစ်ကြောင်းလည်း သိရှိရပါတယ်။

သို့ဖြစ်ပါ၍ မေးခွန်းပါ ဧရိယာ(၃၀.၂၅)ဧကဟာ မြို့နယ်လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာနမှ ဦးပိုင်အမည်ပေါက်စာရင်းမှာ မပါရှိတဲ့အတွက် စိုစိုပြေပြေ အုတ်စက်ရုံက မြေလွတ်၊ မြေရိုင်းများကို တရားဝင်လျှောက်ထားရယူခဲ့တဲ့ မြေ(၉၁.၉၄)ဧကအတွင်း ပါဝင်ကြောင်းနှင့် လျှောက်ထားသည့်နည်းလမ်းအတိုင်း အသုံးမပြုတဲ့အတွက် တိုင်းစစ်ဌာနချုပ်မှ မြေဧရိယာ(၄၆.၄၇) ဧကကို လွှဲပြောင်းရယူခဲ့ပြီး မြေလွတ်၊ မြေရိုင်းစိုက်ပျိုးလုပ်ကိုင်ခွင့် နှစ်(၃၀) လျှောက်ထားရရှိခဲ့တဲ့

မြေဧရိယာအတွင်းမှာပါရှိခဲ့ပါတယ်။ အဆိုပါမြေဧရိယာ(၄၆.၄၇)ဧကကို လက်ရှိအချိန်မှာ စစ်မှုထမ်းဟောင်း မြေနေရာအဖြစ် အသုံးပြုခွင့်ရရှိရေး၊ လားရှိုးခရိုင် လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန တို့က လုပ်ထုံးလုပ်နည်းများနှင့်အညီ အမှုတွဲများ တည်ဆောက်ဆောင်ရွက်လျက်ရှိတဲ့အတွက်ကြောင့်မို့လို့ ပြန်လည်စွန့်လွှတ်ပေးရန် အစီအစဉ် မရှိပါကြောင်းနှင့် ၎င်းမြေဟာ မူလမြေပိုင်ဆိုင်မှုစာရင်းမှာ အမည်ပေါက် ပိုင်ဆိုင်မှုစာရင်းတွင် ပါရှိခြင်း မရှိသည့်အတွက် မြေယာလျော်ကြေးပေးအပ်ရန် အစီအစဉ် မရှိပါကြောင်း ပြန်လည်ရှင်းလင်းဖြေကြားအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။ (ဩဘာသံများ)

**အချိန်၊ ၁၀း၂၇။**

**ဥက္ကဋ္ဌ**။ ။ ဆက်လက်ပြီး လွှတ်တော်ကိုယ်စားလှယ်သုံးဦး မေးမြန်းမည့် မေးခွန်းများဟာ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး တစ်ဦးတည်းက ဖြေကြားမည့် မေးခွန်းများဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များက သက်ဆိုင်ရာမေးခွန်းတွေကို တစ်ဆက်တည်း မေးမြန်းပြီးမှ ပြည်ထောင်စုဝန်ကြီးက တစ်ခုချင်း ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ တာဝန်ယူဆောင်ရွက်သည့် ကျေးလက်လမ်း၊ တံတားများပျက်စီးယိုယွင်းနေမှုများကို တင်ဒါစည်းကမ်းများနှင့်အညီ တာဝန်ယူ ပြန်လည်ပြင်ဆင်ပေးရန် အစီအစဉ်ရှိ/မရှိ နှင့် စပ်လျဉ်းသည့် မေးခွန်း**

**အချိန်၊ ၁၀း၂၇။**

**ဥက္ကဋ္ဌ**။ ။ ပထမဦးစွာ ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၆)မှ ဦးမင်းဦး က စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနမှ တာဝန်ယူဆောင်ရွက်သည့် ကျေးလက်လမ်း၊ တံတားများပျက်စီးယိုယွင်းနေမှုများကို တင်ဒါစည်းကမ်း များနှင့်အညီ တာဝန်ယူ ပြန်လည်ပြင်ဆင်ပေးရန် အစီအစဉ်ရှိ/မရှိနှင့်စပ်လျဉ်းတဲ့မေးခွန်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၂၇။**

**ဦးမင်းဦး၊ ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၆)**။ ။ လေးစားရပါတဲ့ အမျိုးသား လွှတ်တော်ဥက္ကဋ္ဌ၊ ပြည်ထောင်စုဝန်ကြီး၊ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များနှင့် ယနေ့အစည်းအဝေးကို တက်ရောက်လေ့လာကြတဲ့ ဧည့်သည်တော်များအားလုံး မင်္ဂလာပါ။ ကျွန်တော်ကတော့ ပဲခူးတိုင်း ဒေသကြီး မဲဆန္ဒနယ်အမှတ်(၆)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးမင်းဦး ဖြစ်ပါတယ်။ ကျွန်တော့် အနေနဲ့ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ ကျေးလက်ဒေသဖွံ့ဖြို တိုးတက်ရေး ဦးစီးဌာနမှ တာဝန်ယူဆောင်ရွက်သည့် ကျေးလက်လမ်း၊ တံတားများပျက်စီးယိုယွင်းနေမှုများကို တင်ဒါစည်းကမ်းများနှင့်အညီ တာဝန်ယူပြင်ဆင်ပေးနိုင်ခြင်း အစီအစဉ် ရှိ/မရှိနှင့် စပ်လျဉ်းသည့် မေးခွန်းအား အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် တင်ပြမေးမြန်းသွားမှာ ဖြစ်ပါတယ်။

လေးစားရပါတဲ့ ဥက္ကဋ္ဌကြီးခင်ဗျား။ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ တာဝန်ယူဆောင်ရွက်သည့် ကျေးလက်လမ်း၊ တံတား၊

ရေရရှိရေး၊ မီးလင်းရေး၊ ကျေးလက်အိမ်ရာနှင့် ယင်လုံအိမ်သာလုပ်ငန်းများအတွက် အိတ်ဖွင့်တင်ဒါခေါ်ယူရာမှာ တာဝန်ယူဆောင်ရွက်သည့် အဖွဲ့အစည်း၊ ကုမ္ပဏီများလိုက်နာရမည့် တင်ဒါစည်းကမ်း (၂၃)ချက်ရှိတယ်လို့ လေ့လာသိရှိရပါတယ်။ အဆိုပါ စည်းကမ်းချက်များထဲမှ အမှတ်စဉ်(၂၀)တွင် တာဝန်ယူဆောင်ရွက်သည့် အဖွဲ့အစည်းကုမ္ပဏီ၏ ကြီးကြပ်မှုအားနည်း၍လည်းကောင်း၊ စံချိန်စံညွှန်းများ မပြည့်ဝမှုကြောင့်လည်းကောင်း၊ ပျက်စီးမှုရှိပါက တင်ဒါခေါ်ယူရေးနှင့် စိစစ်ရွေးချယ်ရေးအဖွဲ့မှ သတ်မှတ်ထားသည့် (၂)နှစ်အတွင်း ဖြစ်ပေါ်သည့် ပျက်စီးမှုများကို မိမိစရိတ်ဖြင့် တာဝန်ယူပြန်လည်ပြင်ဆင်ဆောင်ရွက်ပေးရမည်လို့ အတိအလင်း သတ်မှတ်ပြဋ္ဌာန်းထားတာတွေ့ရှိရပါတယ်။

လေးစားရပါတဲ့ ဥက္ကဋ္ဌကြီးခင်ဗျား။ ဒီမေးခွန်းဟာ ကျွန်တော့်ရဲ့မဲဆန္ဒနယ်မြေကို အခြေခံပြီး တစ်နိုင်ငံလုံးကို လွှမ်းခြုံစီးဆင်းနိုင်ရေးအတွက် ရည်ရွယ်ပြီး မေးရခြင်းဖြစ်ပါတယ်။ ကျွန်တော့်ရဲ့ မဲဆန္ဒနယ်ဖြစ်တဲ့ ပဲခူးတိုင်းဒေသကြီး၊ ထန်းတပင်မြို့နယ်မှာ စစ်တောင်းမြစ်ရိုးတစ်လျှောက် ကျေးရွာများကို ဆက်သွယ်ဖောက်လုပ်ထားတဲ့ (၂၆)မိုင် (၄)ဖာလုံ အရှည်ရှိတဲ့ ကျောက်ချောလမ်းအတွက် ၂၀၁၄-၂၀၁၅ဘဏ္ဍာရေးနှစ်မှာ ခွင့်ပြုရန်ပုံငွေ (၂၀၅၂.၅၄၅)ကျပ်သန်းဖြင့် ကုမ္ပဏီ(၄)ခုတို့က အပိုင်း (၆)ပိုင်းခွဲပြီး တာဝန်ယူဆောင်ရွက်ခဲ့တာ ဖြစ်ပါတယ်။ ထိုသို့ အကောင်အထည်ဖော်ဆောင်ရွက်ရာမှာ Sub-contractor များဖြင့် ဆောင်ရွက်ခြင်း၊ အလျင်စလိုဆောင်ရွက်ခြင်း၊ သက်ဆိုင်ရာ ကုမ္ပဏီအသီးသီးတို့မှ တာဝန်ရှိသူများ၏ ကြီးကြပ်မှုအားနည်းခြင်း၊ အလုပ်သမားများနှင့်သာ မျက်နှာလွှဲထားခြင်း၊ အရည်အသွေးမပြည့်ဝသော အုတ်၊ သဲ၊ ကျောက်၊ သံ၊ သစ်သား စသည့်ပစ္စည်းများကို အသုံးပြုခြင်း၊ စံချိန်စံညွှန်းပြည့်မီ ကိုက်ညီမှုမရှိခြင်းတို့ကြောင့် လမ်းနှင့်တံတားများ ဆောက်လုပ်ပြီးတစ်နှစ်အတွင်းမှာပင် ပျက်စီးမှုများ များပြားလာခဲ့ပါတယ်။ ဒီလိုဖြစ်ရပ်များဟာ ကျွန်တော့်ရဲ့ မဲဆန္ဒနယ်မြေဖြစ်တဲ့ အုတ်တွင်းမြို့နယ်နှင့် ထန်းတပင်မြို့နယ်များမှာသာမကပဲ နိုင်ငံတစ်ဝန်းလုံး အလားတူ ဖြစ်ပျက်နေတယ်ဆိုတာကို ကိုယ်စားလှယ်များထံမှလည်း ကြားသိရပါတယ်။ Power Point အသုံးပြုခွင့်ပြုပါ။ ဒါကျွန်တော့်ရဲ့မဲဆန္ဒနယ် ထန်းတပင်မြို့နယ်မှာ ဖောက်လုပ်ထားတဲ့ (၂၆)မိုင် (၄)ဖာလုံ ကျောက်ချောလမ်း ပျက်စီးနေတဲ့အပိုင်းပါ။ ဒါဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များအားလုံးအမြင်ပါ။ ကျောက်ချောလမ်းလား၊ မြေသားလမ်းလားဆိုတာ အဲဒါ တကယ်တမ်းကျတော့ ကျောက်ချောလမ်းနှင့် ခွင့်ပြုထားတာဖြစ်ပါတယ်။ မိုးတွင်းကာလမှာ လုံးဝအသုံးပြုလို့မရပါဘူး။

သို့ဖြစ်ပါ၍သဘာဝဘေးအန္တရာယ်များကြောင့် ပျက်စီးခြင်းမှလွဲ၍ (၂)နှစ်အတွင်း ဖြစ်ပေါ်သည့် ပျက်စီးယိုယွင်းမှုများကို တာဝန်ယူပြန်လည် ပြင်ဆင်ပေးနိုင်ခြင်းနှင့် စပ်လျဉ်း၍ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးမြန်းလိုသည်မှာ (က) စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ အုတ်တွင်းမြို့နယ်၊ ထန်းတပင်မြို့နယ်များနှင့် မြန်မာနိုင်ငံတစ်ဝန်းလုံးတွင် တာဝန်ယူဆောင်ရွက်ခဲ့သည့် ကျေးလက်လမ်း၊ တံတားများ ပျက်စီးယိုယွင်းနေမှုများကို တင်ဒါစည်းကမ်းများနှင့်အညီ တာဝန်ယူ ပြန်လည်ပြင်ဆင်ပေးနိုင်ရန် အစီအစဉ်ရှိ/မရှိနှင့် (ခ) အစီအစဉ်ရှိပါက မည်သည့်အချိန်တွင် မည်သို့သောအစီအစဉ်ဖြင့် ပြုလုပ်ဆောင်ရွက်ပေးမည်ကို သိရှိလိုပါသဖြင့် လေးစားစွာ တင်ပြမေးမြန်းရခြင်း ဖြစ်ပါတယ်ခင်ဗျား။ အားလုံးကို ကျေးဇူးတင်ပါတယ်။ (ဩဘာသံများ)

ပဲခူးတိုင်းဒေသကြီး၊ ထန်းတပင်မြို့နယ်၊ ၂၆ မိုင် ၄ ဖာလုံ ကျောက်ချောလမ်းပေါ်ရှိ ပျက်စီးနေသော လမ်းပိုင်းများ မြင်ကွင်းပုံ (ဏ)



ပဲခူးတိုင်းဒေသကြီး၊ ထန်းတပင်မြို့နယ်၊ ၂၆ မိုင် ၄ ဖာလုံ ကျောက်ချောလမ်းပေါ်ရှိ ပျက်စီးနေသော လမ်းပိုင်းများ မြင်ကွင်းပုံ (ဏ-၁)



ပဲခူးတိုင်းဒေသကြီး၊ ထန်းတပင်မြို့နယ်၊ ၂၆ မိုင် ၄ ဖာလုံ ကျောက်ချောလမ်းပေါ်ရှိ ပျက်စီးနေသော လမ်းပိုင်းများ မြင်ကွင်းပုံ (ဏ-၂)



စစ်တောင်းစက္ကူစက်ရုံ ဖျက်သိမ်းပြီး ပုံများမြင်ကွင်း (ဌ-၁)

**ရခိုင်ပြည်နယ်၊ ပေါက်တောမြို့နယ်၊ ချောင်းကြီးကျေးရွာ အရှေ့ဘက်၌ တည်ရှိသော ချောင်းကြီးချောင်းအား သံကူကွန်ကရစ်တံတားတစ်စင်း တည်ဆောက်ပေးရန် အစီအစဉ် ရှိ/မရှိ နှင့် စပ်လျဉ်းသည့် မေးခွန်း**

**အချိန်၊ ၁၀း၃၂။**

**ဥက္ကဋ္ဌ။** ။ ဆက်လက်ပြီး ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၂)မှ ဦးတက်ထွန်းအောင် က ရခိုင်ပြည်နယ်၊ ပေါက်တောမြို့နယ်၊ ချောင်းကြီးကျေးရွာ အရှေ့ဘက်၌ တည်ရှိသော ချောင်းကြီး ချောင်းအား သံကူကွန်ကရစ်တံတားတစ်စင်း တည်ဆောက်ပေးရန် အစီအစဉ် ရှိ/မရှိနှင့် စပ်လျဉ်းတဲ့ မေးခွန်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၃၂။**

**ဦးတက်ထွန်းအောင်၊ ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၂)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ ပြည်ထောင်စုဝန်ကြီး၊ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် များ၊ ဖိတ်ကြားထားတဲ့ ဧည့်သည်တော်များအားလုံး မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သပါတယ်။ လေးစား အပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်ကတော့ ရခိုင်ပြည်နယ် မဲဆန္ဒနယ် အမှတ်(၂)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးတက်ထွန်းအောင် ဖြစ်ပါတယ်ခင်ဗျား။ ကျွန်တော် မေးမြန်းရမယ့် မေးခွန်းကတော့ ကျွန်တော်တို့ ရခိုင်ပြည်နယ်၊ ဒေသတစ်ခုလုံး၏ လမ်းပန်းဆက်သွယ်ရေး အခက်အခဲနှင့် ကြုံတွေ့နေရတဲ့အချိန်ကာလမှာ ကျွန်တော်က ဒီမေးခွန်းကို ရခိုင်ပြည်နယ်လွှတ်တော် အတွင်းမှာတစ်ကြိမ်မေးဖူးပါတယ်။ အခုလည်းထပ်ပြီးတော့ ပြည်သူများ၏ လိုအပ်ချက်အရ

လွှတ်တော်မှာ ပြည်သူ့အသံ၊ လွှတ်တော်အသံ ဆိုတဲ့အတိုင်း ကျွန်တော်ထပ်ပြီး မေးမြန်းရမှာ ဖြစ်ပါတယ်ခင်ဗျား။

လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီး ခင်ဗျား။ ကျွန်တော်တို့ ပေါက်တောမြို့နယ်ဟာ မြစ်ချောင်းများအလွန်ပေါများပြီး စီးပွားရေး၊ လူမှုရေး၊ ပညာရေး၊ ကျန်းမာရေးတို့တွင် လမ်းပန်းဆက်သွယ်ရေးလွန်စွာအခက်အခဲရှိသော မြို့နယ်တစ်မြို့လည်း ဖြစ်ပါတယ်။ ရေလမ်းကိုသာ အဓိကထားပြီး ဆက်သွယ်သွားလာနေရတဲ့ မြို့နယ်တစ်မြို့လည်း ဖြစ်ပါတယ်။ ယခုတင်ပြသော ချောင်းကြီးချောင်းကို တံတားတည်ဆောက်ပေးပါက ကျေးရွာချင်းဆက်လမ်းများကို ဖောက်လုပ်ပေးပါက သားလွမ်းတောင်ကျွန်းရှိ ကျေးရွာများအားလုံး တစ်ရွာနှင့်တစ်ရွာ ကုန်းလမ်းဖြင့် သွားလာနိုင်မှာ ဖြစ်ပါတယ်ခင်ဗျား။

သားလွမ်းတောင်ကျွန်း၌ တည်ရှိတဲ့ ကျေးရွာများမှာ တောင်ပုက္ကော၊ ချောင်းကြီး၊ အုန်းတောချောင်း၊ ကံဆိပ်ဟု ကျေးရွာ(၄)ရွာ ရှိပါတယ်။ လူနေအိမ်(၁၄၀၀)ခန့်ရှိပြီး၊ လူဦးရေ(၇၀၀၀)ခန့်ရှိပါတယ်။ ချောင်းကြီးကျေးရွာမှ တောင်ဘက်အရပ်၌ တည်ရှိသော အုန်းတောချောင်းနှင့် ကံဆိပ်ကျေးရွာများသို့ သွားလာရာတွင် အဆိုပါ ချောင်းကြီးချောင်း ကာရံနေတာကို တွေ့ရပါတယ်။ ဒေသခံပြည်သူများ ကျန်းမာရေး၊ ပညာရေး၊ လူမှုရေး၊ စီးပွားရေးကိစ္စရပ်များ အခက်အခဲနှင့် များစွာကြုံတွေ့နေရတာကို ကျွန်တော်တို့ နှစ်ပေါင်းများစွာ ခံစားလာရပြီး ဖြစ်ပါတယ်။

သားလွမ်းတောင်ကျွန်းဟာ မိုးရာသီ၌ ပင်လယ်ရေနှင့် မုန်တိုင်းဒဏ်ကို အကြိမ်ကြိမ်ခံစားနေရသော ကျွန်းတစ်ကျွန်းလည်း ဖြစ်ပါတယ်။ ပေါက်တောမြို့နယ်အတွင်း တည်ရှိသော ချောင်းကြီးချောင်းအား သံကူကွန်ကရစ်တံတားတစ်စင်း တည်ဆောက်ပေးပါက သဘာဝဘေးဒဏ်နှင့် လူမှုရေးဒုက္ခအဝဝတို့ကို လွတ်မြောက်ပြီး ဒေသနေပြည်သူများ လွန်စွာ အဆင်ပြေသွားမှာလည်း ဖြစ်ပါတယ်။

လေးစားအပ်ပါသော လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တို့ ရခိုင်ပြည်နယ်၏ ဒေသအနှံ့ဟာ ဒေသဖွံ့ဖြိုးရေးနိုင်ငံတော်မှ တည်ဆောက်ပေးတဲ့လုပ်ငန်းများကို ကျွန်တော်တို့က ၂၀၁၀ နောက်ပိုင်းလောက်မှ ကျွန်တော်တို့ အနည်းငယ် ခံစားခွင့်ရခဲ့ပါတယ်။ သို့သော်လည်း ဒီကနေ့ အရပ်သားအစိုးရလက်ထက်မှာ ကျွန်တော်တို့ အားကိုးတကြီးနှင့် ကျွန်တော်တို့ ဒေသခံပြည်သူများ၊ ကျေးလက်ပြည်သူများ အဆင်ပြေစေရေးအတွက် ဒီမေးခွန်းကို ကျွန်တော် မေးမြန်းရခြင်း ဖြစ်ပါတယ်ခင်ဗျား။ အားလုံး ကျေးဇူးတင်ပါတယ်။ (သြဘာသံများ)

**စစ်ကိုင်းတိုင်းဒေသကြီး၊ ကွန်းလှမြို့နယ်အတွင်းရှိ သွားလာရန် ခက်ခဲသော ကုက္ကိုကုန်း-အိမ်ခြေလမ်းကို ရာသီမရွေးသွားလာနိုင်သော ကျောက်ချောလမ်းအဖြစ် ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ်တွင် ထည့်သွင်းဆောင်ရွက်ပေးရန် အစီအစဉ် ရှိ/မရှိ နှင့် စပ်လျဉ်းသည့် မေးခွန်း**

**အချိန်၊ ၁၀း၃၅။**

**ဥက္ကဋ္ဌ။** ။ ဆက်လက်ပြီး စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၃)မှ ဦးဝင်းအောင်က စစ်ကိုင်းတိုင်းဒေသကြီး၊ ကွန်းလှမြို့နယ်အတွင်းရှိ သွားလာရန်ခက်ခဲသော ကုက္ကိုကုန်း-အိမ်ခြေလမ်းကို ရာသီမရွေး သွားလာနိုင်သော ကျောက်ချောလမ်းအဖြစ် ၂၀၁၇ - ၂၀၁၈ ဘဏ္ဍာရေးနှစ်တွင် ထည့်သွင်းဆောင်ရွက်ပေးရန် အစီအစဉ် ရှိ/မရှိနှင့်စပ်လျဉ်းတဲ့မေးခွန်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၃၆။**

**ဦးဝင်းအောင်၊ စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၃)။** ။ လေးစားရပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ ပြည်ထောင်စုဝန်ကြီးများ၊ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များနှင့် လေ့လာရေးလာရောက်ကြတဲ့ ဧည့်သည်တော်များအားလုံး မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သပါတယ်။ ကျွန်တော်ကတော့ စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၃)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးဝင်းအောင် ဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော့်ရဲ့ မဲဆန္ဒနယ်မြေအတွင်းမှာရှိတဲ့ ကျွန်းလှမြို့နယ်ဟာ သဖန်းဆိပ်ဆည်စီမံကိန်းကြောင့် ကျေးရွာပေါင်း(၇၃)ရွာ ရွှေ့ပြောင်းခဲ့ကြရတဲ့ မြို့နယ်ဖြစ်ပါတယ်။ သဖန်းဆိပ်ဆည်စီမံကိန်းဟာ ၁၉၉၆ ခုနှစ်က စတင်တည်ဆောက်ခဲ့ပြီးတော့ ကောင်းကျိုးအနေနှင့်ပြောပြရမယ်ဆိုလို့ရှိရင် လျှပ်စစ်မီးရရှိတာ ဆည်ရဲ့အောက်ပိုင်းမှာရှိတဲ့ မြို့နယ်ပေါင်း(၁၀)မြို့နယ်ကနေပြီးတော့ လူဦးရေ(၈)သိန်းကျော် အကျိုးဖြစ်ထွန်းပါတယ်။ စိုက်ရေ၊ ပျိုးရေ၊ သောက်သုံးရေကအစ အကျိုးဖြစ်ထွန်းပါတယ်။ နှစ်ပေါင်း(၂၀)ထိ အကျိုးပြုနေဆဲပဲဖြစ်ပါတယ်။ ဒါပေမယ့်လို့ ကျွန်တော်တို့ ကျွန်းလှမြို့နယ်အတွင်းမှာရှိတဲ့ ရွှေ့ပြောင်းခံရတဲ့ ကျေးရွာပေါင်း(၇၃)ရွာအနက် ကောလင်းမြို့နယ်၊ ကန့်ဘလူမြို့နယ်အတွင်းမှာရှိတဲ့ ကျေးရွာစုစုပေါင်း (၁၁၃)ရွာဆိုလို့ရှိရင် ဒီနေ့အထိ အတိဒုက္ခရောက် နေကြရတာဖြစ်ပါတယ်။ ရွာရွှေ့ပြောင်းခံရတာ၊ သူတို့ရဲ့ စိုက်မြေ၊ ပျိုးမြေနဲ့လမ်းများ အစရှိတဲ့ အဖိုး၊ အဖွားများရဲ့ သင်္ချိုင်းများပါမကျန် အားလုံးရေအောက်မှာ ရောက်ရှိသွားရပြီးတော့ ဒီနေ့အထိ အတိဒုက္ခရောက်နေကြရဆဲဖြစ်ပါတယ်။ ဒီလို ရွှေ့ပြောင်းခံလိုက်ရတဲ့အတွက်ကြောင့်မို့လို့ သူတို့ရဲ့ အသက်မွေးမှုဘဝပုံစံများလည်း ပြောင်းလဲသွားပါတယ်။ ရိုးရာလူနေမှုဘဝပုံစံများလည်း ပြောင်းလဲသွားပါတယ်။ ဒီနေ့အခါမှာ အဆိုးဆုံးကတော့ လမ်းပန်းဆက်သွယ်ရေး ဆိုးရွားခြင်းပဲဖြစ်ပါတယ်။ ဒီလို လမ်းပန်းဆက်သွယ်ရေး ဆိုးရွားခြင်းကြောင့်မို့လို့ ကျန်းမာရေးအခြေအနေ၊ အရေးပေါ်ကိစ္စများ ကြုံတွေ့တဲ့အခါမှာ အသက်ဆုံးပါးရတဲ့ ကိစ္စတွေရှိပါတယ်။

ဒါ့အပြင် ပညာရေးကိစ္စ၊ လယ်ယာထုတ်ကုန်များကို သယ်ယူပို့ဆောင်ရေးကိစ္စများမှာပါ ခက်ခဲပါတယ်။ အခု ကျွန်တော်တင်ပြတဲ့ ကုက္ကိုကုန်း-အိမ်ခြေလမ်းဟာဆိုလို့ရှိရင် မြေသားလမ်းဖြစ်ပြီးတော့ ၂၀၁၅ ခုနှစ်က ရေကြီးစဥ်မှာ ပျက်စီးသွားတဲ့အတွက် ပိုပြီးတော့တောင် သွားရေးလာရေးဟာ အလွန်ခက်ခဲပါတယ်။ နောက် ဒီရွှေ့ပြောင်းခံရတဲ့ ရွာများအပြင် အခြားရွာများကလည်း ဒီဆည်ရေပြင်ကြောင့်မို့လို့ သွားရေးလာရေး အလွန်ခက်ခဲသွားပါတယ်။ ဆည်ရေပြင်ထဲမှာ သွားရတဲ့အခါမှာ (၂)နာရီခွဲ သွားရတယ်။ တချို့ရွာတွေမှာ (၁)နာရီခွဲသွားရတယ်။ လေပြင်းတွေကျတဲ့အချိန်မှာဆို အလွန်ဒုက္ခရောက်ပါတယ်။ ဒါကြောင့်မိုလို့ လမ်းပန်းဆက်သွယ်ရေး အလွန်ခက်ခဲနေတဲ့ ကျေးရွာများအတွက် ဒီနေ့ ဝန်ကြီးဌာနနှင့် ဝန်ကြီးအနေနဲ့ ဒီအခက်အခဲတွေကို အကူအညီပေးဖို့၊ ဒဏ်ရာဒဏ်ချက်တွေကို ကုစားပေးဖို့ အခွင့်ကောင်းအခါကောင်းလည်း ဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ ကုက္ကိုကုန်း-အိမ်ခြေလမ်းကို ဆောင်ရွက်ပေးဖို့အတွက် ဥက္ကဋ္ဌကြီးမှတစ်ဆင့် တင်ပြရင်ခြင်းဖြစ်ပါတယ်။ အားလုံးကိုကျေးဇူးတင်ပါတယ်ခင်ဗျား။ (သြဘာသံများ)

**အချိန်၊ ၁၀း၃၉။**

**ဥက္ကဋ္ဌ**။ ။ မေးခွန်းများနဲ့ ပတ်သက်ပြီး စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးက တစ်ခုချင်း ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ဖြေကြားချက်**

**အချိန်၊ ၁၀း၃၉။**

**ဒေါက်တာအောင်သူ(ပြည်ထောင်စုဝန်ကြီး၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့် အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ ဧည့်သည်တော်များအားလုံးကို မင်္ဂလာပါလို့ ဦးစွာပထမနှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး၊ ဒေါက်တာအောင်သူ ပဲ ဖြစ်ပါတယ်။ ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၆)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးမင်းဦး ရဲ့ မေးခွန်းကို ဖြေကြားမှာ ဖြစ်ပါတယ်။

အမျိုးသားလွှတ်တော်ကိုယ်စားလှယ်ကြီး ဦးမင်းဦး အနေနှင့် ဦးစွာပြောကြားလိုတာကတော့ ယခုလို ကျေးလက်ဒေသနဲ့ပတ်သက်လို့ ကွင်းဆင်းပြီးတော့ လေ့လာမေးမြန်းပေးတဲ့အတွက် ကျေးဇူးတင်ကြောင်းပြောကြားလိုပါတယ်။ ကျေးလက်လမ်းများဟာ ယခင်က မြို့နယ်ဖွံ့ဖြိုးရေးရန်ပုံငွေများဖြင့် ဖောက်လုပ်ခဲ့တဲ့လမ်းများ၊ ကိုယ့်အားကိုယ်ကိုး ဖောက်လုပ်ထားတဲ့လမ်းများ၊ စည်ပင်သာယာရေးအဖွဲ့များမှ ဖောက်လုပ်ခဲ့တဲ့ မြေသားလမ်းများအပေါ်မှာ ကျောက်ချောလမ်းတွေ၊ ကတ္တရာလမ်းစတဲ့ လမ်းအဆင့်မြှင့်တင်ခြင်းလုပ်ငန်းများကို ဆောင်ရွက်ခဲ့ရခြင်းပဲ ဖြစ်ပါတယ်။ ကျေးလက်လမ်းများ ပျက်စီးရခြင်းရဲ့ အကြောင်းအရင်းအခြေခံကတော့ အောက်ခံမြေသားသိပ်သည်းမှု အပြည့်အဝမရရှိခြင်း၊ ရန်ပုံငွေကန့်သတ်ချက်အရ လမ်းစံနှုန်း (Specification) နိမ့်လွန်းခြင်း၊ လမ်းခံနိုင်ဝန်(၁၃)တန်သာ သတ်မှတ်နိုင်ခြင်းနှင့် ပုံမှန်ပြင်ဆင်ထိန်းသိမ်းရန် ရန်ပုံငွေလျာထားမှုမရှိခြင်း၊ တန်ပိုယာဉ် ဖြတ်သန်းမှုများကို မတားဆီးနိုင်ခြင်းတို့အပြင် လမ်းတည်ဆောက်ရေး တာဝန်ယူဆောင်ရွက်ရတဲ့ ကုမ္ပဏီများမှာ ကြီးကြပ်မှုအားနည်းခြင်းတို့ကြောင့် လမ်းအချို့မှာ အချိန်တိုအတွင်း ပျက်စီးခဲ့ရခြင်းများ ဖြစ်ပေါ်လျက်ရှိပါတယ်။ ကျေးရွာထုတ်ကုန်များ သယ်ပို့တဲ့နေရာမှာ အားထားရတဲ့ ထော်လာဂျီယာဉ်များဟာ မိုးရာသီကာလအတွင်းမှာ ကျေးလက်လမ်းများပေါ်မှာ မောင်းနှင်သွားလာခြင်းများကိုလည်း ဆောင်ရွက်ခဲ့တဲ့အတွက် ကျောက်ချောလမ်းများ ပျက်စီးခဲ့တဲ့ အခြေအနေများကိုလည်း တွေ့ရှိရပါတယ်။ ပဲခူးတိုင်းဒေသကြီး၊ ထန်းတပင်မြို့နယ်မှာရှိတဲ့ ထန်းတပင်-အုန်းပင်-မြို့ဆိုး-သံလျက်စွန်း (၂၆/၄)မိုင် ကျောက်ချောလမ်းကို ၂၀၁၄-၂၀၁၅ ခု ဘဏ္ဍာရေးနှစ်မှာ ကုမ္ပဏီ(၄)ခုမှ အပိုင်းလိုက်ဆောင်ရွက်ခဲ့ခြင်း ဖြစ်ပါတယ်။ ၎င်းလမ်းဆောင်ရွက်ပြီးချိန်မှာထန်းတပင်မြို့နယ်၊ မြို့ဆိုးကျေးရွာ တိုက်နယ်ဆေးရုံတည်ဆောက်ခြင်း၊ ပွဲသာကျေးရွာ အစိုးရမူလတန်းကျောင်းတည်ဆောက်ခြင်းလုပ်ငန်းများမှာ ဆောက်လုပ်ရေးပစ္စည်းများသယ်ဆောင်လာတဲ့ တန်ပိုယာဉ်ကြီးများနဲ့ သယ်ဆောင်ခြင်း၊ လမ်းဘေးဝဲ၊ ယာရှိ ကျေးရွာများမှ ဒေသထွက်ကုန်များကို ယာဉ်များဖြင့် မိုးရာသီကာတစ်လျှောက် တင်ပို့သယ်ဆောင်ခြင်းများကြောင့် ၂၀၁၅ ခုနှစ်၊ မိုးရာသီကာလအတွင်းမှာ လမ်းပျက်စီးမှု စတင်ဖြစ်ပေါ်ခဲ့ပါတယ်။ လမ်းပျက်စီးမှုများမဖြစ်ပေါ်စေရေးနှင့် တန်ပိုယာဉ်များ ဖြတ်သန်းသွားလာမှု မရှိစေရေးအတွက် သတိပေးလမ်း၊

အတားအဆီးတိုင်များ စိုက်ထူထားသော်လည်း သတ်မှတ်စည်းမျဉ်းစည်းကမ်းကို လိုက်နာမှုမရှိဘဲ ဖြတ်သန်းသွားလာခြင်းကြောင့်လည်း ပိုမိုပျက်စီးခဲ့ရတယ်လို့သိရှိရပါတယ်။ တစ်နိုင်ငံလုံးမှာရှိတဲ့ ကျေးလက်လမ်း၊ တံတားလုပ်ငန်းများကို တိုင်းရင်းသားလုပ်ငန်းရှင်များကို ပြည်နယ်၊ တိုင်းဒေသကြီး အစိုးရအဖွဲ့များက ဖွဲ့စည်းပေးထားတဲ့ တင်ဒါစိစစ်ရွေးချယ်ရေးကော်မတီများက ဖွဲ့စည်းပြီး တင်ဒါစနစ် ဖြင့်ရွေးချယ်ပြီး တာဝန်ပေးအပ်ဆောင်ရွက်ခြင်း ဖြစ်ပါတယ်။ တင်ဒါစည်းကမ်းမှာ တည်ဆောက်ရေး လုပ်ငန်းများကို (၂)နှစ်အတွင်းပျက်စီးပါက သက်ဆိုင်ရာကုမ္ပဏီက ပြန်လည်ပြုပြင်ပေးရမည်ဟု ပါရှိ တဲ့အတွက် တာဝန်ယူဆောင်ရွက်ခဲ့တဲ့ ကုမ္ပဏီများအနေနဲ့ ပွင့်လင်းရာသီမှာ ပြန်လည်ပြုပြင်ပေးရန် တိုက်တွန်းလျက်ရှိတဲ့အတွက် ပြုပြင်ပေးရန်ဆောင်ရွက်လျက်ရှိကြောင်းလည်း တွေ့ရှိရပါတယ်။

၂၀၁၇-၂၀၁၈ ခုနှစ်၊ ဘဏ္ဍာရေးနှစ်မှာစတင်ပြီးတော့ ကျေးလက်လမ်းများရဲ့ပုံမှန်ပြင်ဆင် ထိန်းသိမ်းရေးရန်ပုံငွေ လျာထားသွားမယ့်အပြင် လမ်းတည်ဆောက်မှု စံနှုန်း (Specification) များကို လည်းပဲ မြှင့်တင်သွားမှာဖြစ်ပြီး ဒေသဆိုင်ရာလမ်းတံတားဖွံ့ဖြိုးတိုးတက်ရေးဗဟိုကော်မတီကို တင်ပြ ခွင့်ပြုချက်ရယူပြီး နောင်လာမည့်နှစ်များမှာ ဆောင်ရွက်မည့် လမ်းအသစ်များအတွက် အရည်အသွေး စံချိန်စံညွှန်း ပြည့်မီစွာဆောင်ရွက်နိုင်ရေးကိုလည်း ပြင်ဆင်ဆောင်ရွက်လျက်ရှိပါတယ်။ လွှတ်တော် ကိုယ်စားလှယ်ကြီးမေးမြန်းထားတဲ့ ထန်းတပင်၊ အုန်းပင်၊ မြို့စိုး၊ သံလျက်စွန်း ကျောက်ချောလမ်း (၂၆/၄)မိုင်ဟာ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ တာဝန်ရှိသူများ၏ မြေပြင်ကွင်းဆင်း စစ်ဆေးချက်အရ ခေတ်ဥယျာဉ်ကုမ္ပဏီမှ ဆောင်ရွက်ခဲ့တဲ့ ပထမလမ်းပိုင်း(၃)မိုင်အနက် (၁)မိုင်ခန့် နှင့် စံစုကုမ္ပဏီမှ တာဝန်ယူတည်ဆောက်ခဲ့တဲ့ လမ်းပိုင်း(၆)မိုင် (၂)ဖာလုံနဲ့ (၂)မိုင်ခန့်တို့ဟာ မိုးရာသီ အတွင်းမှာ သွားလာခဲ့ကြတဲ့ တန်ပိုယာဉ်များကြောင့်၊ သွားလာမှုကြောင့် ချိုင့်ခွက်များဖြစ်ပေါ်လျက်ရှိ ကြောင်း စစ်ဆေးတွေ့ရှိခဲ့ရပါတယ်။

ကွင်းဆင်းစစ်ဆေးတွေ့ရှိချက်အရ ထန်းတပင်-အုန်းပင်-မြို့ဆိုး-သံလျက်စွန်းလမ်းမှ ပျက်စီး နေတဲ့လမ်းပိုင်းများကို စာချုပ်ပါ တင်ဒါစည်းကမ်းများနှင့်အညီ ပြန်လည်ပြုပြင်ရန် သက်ဆိုင်ရာ ကုမ္ပဏီသို့ အကြောင်းကြားထားပြီးဖြစ်တဲ့အတွက် တာဝန်ရှိတဲ့ကုမ္ပဏီမှ ၂၀၁၆ ခုနှစ်၊ အောက်တိုဘာလ အတွင်းမှာ လမ်းခင်းကျောက်များ စတင်စုဆောင်းလျက်ရှိပြီး လာမည့်ပွင့်လင်းရာသီမှာ ပြန်လည်ပြုပြင် ပေးသွားမှာဖြစ်တဲ့အကြောင်း ပြန်လည် ရှင်းလင်းဖြေကြားအပ်ပါတယ်။

ဒုတိယမေးခွန်းဖြစ်တဲ့ ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၂) အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးတက်ထွန်းအောင် ရဲ့ မေးခွန်းကို ဖြေကြားသွားမှာဖြစ်ပါတယ်။ ဦးစွာအနေနဲ့ ဦးတက်ထွန်းအောင်က ယခုလို ကျေးလက်ဒေသဖွံ့ဖြိုးရေးမှာ စိတ်ပါဝင်စားစွာဖြင့် မေးမြန်းတဲ့အတွက် အထူးပင်ကျေးဇူးတင်ကြောင်း ပြောကြားလိုပါတယ်။ ရခိုင်ပြည်နယ်၊ ပေါက်တောမြို့နယ် ချောင်းကြီး ကျေးရွာအရှေ့ဘက်မှာရှိတဲ့ ချောင်းကြီးချောင်းမှာ သားလွမ်းတောင်ကျွန်းပေါ်မှာရှိတဲ့ လူသွားလမ်း အဆင့်ရှိ တောင်ပုဏ္ဏေ-ချောင်းကြီး-အုန်းတောချောင်း-ကံဆိပ် ကျေးရွာချင်းဆက်လမ်းပေါ်မှာ တည်ရှိ ပါတယ်။ ချောင်းအကျယ်မှာ ပေ(၁၂၀)ခန့်ရှိပြီး (၁၆၀x၁၄x၁၈)ပေ သံကူကွန်ကရစ်တံတား တည်ဆောက်ရန် လိုအပ်လျက်ရှိပြီး ဆက်သွယ်သောလမ်းမှာလည်း လယ်ယာမြေများကို ဖြတ်သန်း ဖောက်လုပ်ရမှာဖြစ်ပါတယ်။ ချောင်းကြီးချောင်းကူးတံတား တည်ဆောက်မည်ဆိုပါက ငွေကျပ်သန်း

(၃၉၀.၀၀)ခန့် ကုန်ကျမှာဖြစ်ပြီး ကျေးရွာ(၄)ရွာ၊ အိမ်ခြေ(၁၂၆၁)ရှိတဲ့ လူဦးရေပေါင်း(၅၈၇၅)တို့ကို အကျိုးပြုမည်လို့ သိရပါတယ်။

ရခိုင်ပြည်နယ်အတွင်းမှာ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ ၂၀၁၆-၂၀၁၇ ခု၊ ဘဏ္ဍာရေးနှစ် ခွင့်ပြုရန်ပုံငွေကျပ်(၄၁၄၂.၈၉၂)သန်းနှင့် ကွန်ကရစ်လမ်း(၃)မိုင်(၃)ဖာလုံ၊ ကတ္တရာလမ်း(၁)မိုင် (၆)ဖာလုံ၊ ကျောက်ချောလမ်း(၂၁)မိုင်(၇)ဖာလုံ၊ မြေသားလမ်း (၂၄)မိုင်(၅)ဖာလုံ၊ ကွန်ကရစ်တံတား(၂၇)စင်းနှင့် ရေပြွန်(၆၆)စင်းတို့ကို ဆောင်ရွက်ပေးရန် လက်ရှိဘဏ္ဍာငွေ ခွင့်ပြုချက်အရလျာထားပါတယ်။ ပေါက်တောမြို့နယ်အတွင်းမှာရှိတဲ့ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ ၂၀၁၆-၂၀၁၇ ခု၊ ဘဏ္ဍာရေးနှစ် ခွင့်ပြုရန်ပုံငွေအရတော့ ကျပ်သန်းပေါင်း(၈၀.၁၄) ဖြစ်ပါတယ်။ မြေသားလမ်း (၂)မိုင်နှင့် ကွန်ကရစ်တံတား(၄)စင်းတို့ကို ဆောင်ရွက်ပေးရန် လျာထားထားပါတယ်။ ပြည်ထောင်စု အဆင့်အနေနဲ့လည်းပဲ လမ်းတံတားလုပ်ငန်းများနှင့်ပတ်သက်ပြီး လမ်းအမျိုးအစားနှင့် လမ်းအဆင့်သတ်မှတ်ခြင်း၊ လမ်း၊ တံတား စံချိန်စံညွှန်းသတ်မှတ်ခြင်းလုပ်ငန်းများကို နှစ်တို၊ နှစ်ရှည် စီမံကိန်းများရေးဆွဲရန် ဆောင်ရွက်လျက်ရှိသလို ပြည်နယ်နှင့် တိုင်းဒေသကြီးများမှ နှစ်တို၊ နှစ်ရှည် စီမံကိန်း(Master Plan)အရ ဦးစားပေး ရေးဆွဲတင်ပြလာတဲ့ လုပ်ငန်းများအပေါ်မှာ အခြေခံပြီး ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ စိစစ်ပြီး ဆက်လက်ဆောင်ရွက်သွားမှာဖြစ်ပါတယ်။

အမျိုးသားလွှတ်တော်ကိုယ်စားလှယ်မှ မေးမြန်းလာတဲ့ ပေါက်တောမြို့နယ်အတွင်းမှာရှိတဲ့ ချောင်းကြီးကျေးရွာအရှေ့ဘက်တွင် တည်ရှိတဲ့ ချောင်းကြီးချောင်းကူးတံတားအားစိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနရဲ့ ၂၀၁၆-၂၀၁၇ ခု၊ ဘဏ္ဍာရေးနှစ်မှာ ပါဝင်ခဲ့ခြင်းမရှိခဲ့တဲ့အတွက် လတ်တလောမှာ ဆောင်ရွက်ပေးနိုင်ခြင်းမရှိပါကြောင်းနှင့် နှစ်အလိုက် ပြည်နယ်နှင့်တိုင်းဒေသကြီးများ၏ ဦးစားပေး လျာထားတင်ပြမှုအပေါ်မှာ မူတည်ပြီးတော့ လျာထားဆောင်ရွက်ပေးသွားမည်ဖြစ်တဲ့အကြောင်း ရှင်းလင်းတင်ပြအပ်ပါတယ်။

ဆက်လက်ပြီး စစ်ကိုင်းတိုင်းဒေသကြီး၊ အမှတ်(၃)မဲဆန္ဒနယ် အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးဝင်းအောင် ရဲ့ မေးခွန်းကို ဖြေကြားမှာ ဖြစ်ပါတယ်။ ဦးဝင်းအောင်အနေနဲ့ ယခုလို ကျေးလက်ဒေသဖွံ့ဖြိုးရေးအတွက် စိတ်ပါဝင်စားစွာနှင့် ကျေးရွာများသို့ ကွင်းဆင်းစိစစ်ပြီး မေးမြန်းတဲ့အတွက် အထူးပင် ကျေးဇူးတင်ရှိပါကြောင်း ဦးစွာတင်ပြလိုပါတယ်။

စစ်ကိုင်းတိုင်းဒေသကြီး၊ ကျွန်းလှမြို့နယ်မှာ ကုက္ကိုလ်ကုန်း-လက်ခုပ်ပင်-ပေတပင်-ယင်းတိုက်အိမ်ခြေလမ်းမှာ လက်ရှိ၌ အရှည်(၂၃)မိုင်ရှိတဲ့ မြေသားဖြစ်ပါတယ်။ ၂၀၁၄-၂၀၁၅ ခု၊ ဘဏ္ဍာရေးနှစ်မှာ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ရန်ပုံငွေနဲ့ ဆောင်ရွက်ခဲ့ခြင်းဖြစ်ပါတယ်။ အဆိုပါလမ်းရဲ့ ကုက္ကိုလ်ကုန်း-ယင်းတိုက် လမ်းပိုင်း အရှည်(၂၁)မိုင်(၄)ဖာလုံဟာ သစ်တောကြိုးဝိုင်းအတွင်းမှာ ကျရောက်နေပြီး ကျန်လမ်းပိုင်းဖြစ်တဲ့ ယင်းတိုက်-အိမ်ခြေ လမ်းပိုင်းအရှည် (၁)မိုင် (၄) ဖာလုံကတော့ ကျောက်ချောခင်းပါက ငွေကျပ်(၈၇.၉၃၄)သန်းခန့် ကုန်ကျမှာဖြစ်ပါတယ်။ ကျေးရွာ(၁၈)ရွာ၊ အိမ်ခြေ(၂၂၃၃)၊ လူဦးရေ(၁၁၄၀၄)ဦးတို့ကို အကျိုးပြုမှာ ဖြစ်ပါတယ်။ စစ်ကိုင်းတိုင်းဒေသကြီးအတွင်း၌ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနရဲ့ ၂၀၁၆-၂၀၁၇ ခု၊ ဘဏ္ဍာရေးနှစ် ခွင့်ပြုရန်ပုံငွေ ကျပ်သန်းပေါင်းကတော့ (၁၆၅၂၀.၇၂) ဖြစ်ပါတယ်။ ကွန်ကရစ်လမ်း(၅)မိုင် (၄)ဖာလုံ၊

ကတ္တရာလမ်း(၂၀)မိုင်(၄)ဖာလုံ၊ ကျောက်ချောလမ်း(၁၀၁)မိုင် (၃)ဖာလုံ၊ ဂဝံ/မြေနီလမ်း(၃၈)မိုင် (၅)ဖာလုံ၊ မြေသားလမ်း(၁၀၉)မိုင်(၂)ဖာလုံ၊ ကွန်ကရစ်တံတား(၄၇)စင်း၊ သစ်သားတံတား(၉၃)စင်း၊ ရေပြွန်(၆၅)စင်း နှင့် ရေကျော်(၄၄)စင်းတို့ကို ခွင့်ပြုဘဏ္ဍာငွေအရ ဆောင်ရွက်ပေးရန်လျာထားပါတယ်။

ကျွန်းလှမြို့နယ်အတွက်ကတော့ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ ၂၀၁၆-၂၀၁၇ ခု၊ ဘဏ္ဍာရေးနှစ် ခွင့်ပြုရန်ပုံငွေကျပ်(၄၁၀.၇၉၇)သန်းဖြင့် မြေသားလမ်း(၁၀)မိုင်၊ သစ်သားတံတား (၁၄)စင်းနှင့် ရေကျော်(၁၇)စင်းတို့ကို လျာထားဆောင်ရွက်လျက်ရှိပါတယ်။ ပြည်ထောင်စုအဆင့် လမ်း၊ တံတားလုပ်ငန်းများနှင့်ပတ်သက်ပြီး လမ်းအမျိုးအစားနှင့် လမ်းအဆင့်သတ်မှတ်ခြင်း၊ လမ်း၊ တံတား စံချိန်စံညွှန်းသတ်မှတ်ခြင်း၊ လမ်းနယ်သတ်မှတ်ခြင်းနှင့် လမ်းပိုင်ဆိုင်မှု နယ်နိမိတ်သတ်မှတ်ခြင်းများကိုလည်းပဲ နှစ်တို၊ နှစ်ရှည်စီမံကိန်းများရေးဆွဲပြီးတော့ ဆောင်ရွက်လျက်ရှိပါတယ်။ ပြည်နယ်၊တိုင်းဒေသကြီးများမှနှစ်တို၊ နှစ်ရှည်စီမံကိန်းများအရ ဦးစားပေးရေးဆွဲတင်ပြလာတဲ့ လုပ်ငန်းများပေါ်မှာ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ စိစစ်ပြီး ဆက်လက်ဆောင်ရွက်သွားမှာဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် မေးမြန်းလာတဲ့ ကျွန်းလှမြို့နယ်အတွင်းမှာရှိတဲ့ ကုက္ကိုလ်ကုန်း-လက်ခုပ်ပင်-ပေတပင်-ယင်းတိုက် အိမ်ခြေလမ်းမှာ ကုက္ကိုလ်ကုန်း-ယင်းတိုက် လမ်းပိုင်း (၂၁)မိုင် (၄)ဖာလုံဟာ သစ်တောကြိုးဝိုင်းအတွင်းမှာ ကျရောက်နေတဲ့အတွက် လုပ်ငန်းဆောင်ရွက်၍ မရရှိနိုင်ပါကြောင်းနှင့် ကျန်လမ်းပိုင်းဖြစ်တဲ့ ယင်းတိုက်-အိမ်ခြေ လမ်းပိုင်းအရှည်(၁)မိုင်(၄)ဖာလုံ ကျောက်ချောခင်းခြင်းလုပ်ငန်းကို စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနရဲ့ ၂၀၁၆-၂၀၁၇ ခု၊ ဘဏ္ဍာရေးနှစ်မှာ ပါဝင်ခြင်း မရှိခဲ့တဲ့အတွက် လတ်တလောဆောင်ရွက်ပေးနိုင်ခြင်း မရှိပါကြောင်းနှင့် နှစ်အလိုက် ပြည်နယ်၊ တိုင်းဒေသကြီးများ၏ ဦးစားပေးလျာထားတင်ပြမှုအပေါ်မူတည်၍ လျာထားဆောင်ရွက်ပေးသွားမှာဖြစ်ပါတယ်။ တစ်လက်စတည်း အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးကို တင်ပြချင်တာက မိမိဝန်ကြီးဌာနအနေနဲ့စပြီးတော့ Initiate လုပ်မယ့် မနေ့က ပြည်သူ့လွှတ်တော်မှာတင်ပြခဲ့တဲ့ မျှဝေခြင်းအစီအစဥ်ကို တင်ပြခွင့်ပြုပါလို့ ပန်ကြားအပ်ပါတယ်။ Power Point အသုံးပြုခွင့်ပေးစေလိုပါတယ်။

မနေ့တုန်းက ပြည်သူ့လွှတ်တော်မှာ အခုလိုပဲ ကျွန်တော်တို့ မေးခွန်းတွေ မေးပါတယ်။ ကျွန်တော်တို့ရဲ့ ကျေးလက်လမ်း၊ တံတားများကို ဖော်ထုတ်တဲ့နေရာမှာ ကျေးလက်လမ်းတွေကို ဆောင်ရွက်ဖို့ရာအတွက် ခြုံငုံမိတဲ့အရာသည် နိုင်ငံတော်အတွက် ခြုံငုံမိတဲ့အချိန်ကာလသည် နှစ်ပေါင်း (၂၀၃၀) ဖြစ်တဲ့အတွက် စုစုပေါင်း(၁၅)နှစ်ဖြစ်ပါတယ်။ အဲဒီတော့ ကျေးလက်လမ်းတစ်ခုကို မေးတိုင်း၊ မေးတိုင်း သင်္ချာဆိုင်ရာကိန်းဂဏန်းအရ (Probability) အရတွက်ရင် မေးတဲ့မေးခွန်းဟာ အရေးကြီးတဲ့အတိုင်းအတာပေါ်မှာ မူတည်ပြီးတော့ (၁၅)ချိုး တစ်ချိုးသာလျှင် တစ်နှစ်အတောအတွင်းမှာ ဆောင်ရွက်နိုင်တဲ့ အတိုင်းအတာရှိပါတယ်။ ဒါတွေကို ဆောင်ရွက်ဖို့ရာအတွက် မျှဝေခြင်းအစီအစဥ်ကို ဆောင်ရွက်ဖို့ရာဆိုတဲ့ ပြီးခဲ့တဲ့အပတ်တည်းက ကျွန်တော်တို့ဝန်ကြီးဌာနမှာ မျှဝေခြင်းဆိုတဲ့အစီအစဥ်ကို ဆောင်ရွက်ဖို့ရာဆိုပြီးတော့ ပြောခဲ့ပါတယ်။ မနေ့ကတော့ ပြည်သူ့လွှတ်တော်မှာ ဂဃဏနနဲ့ ရှင်းပြခွင့် မရရှိခဲ့တဲ့အတွက် မျှဝေခြင်းအစီအစဥ်ရဲ့ ရည်ရွယ်ချက်ကလေးကို အနည်းအကျဥ်း ရှင်းပြအပ်ပါတယ်။

မျှဝေခြင်းလုပ်ငန်းကိုတော့ ရှင်းမပြမီမှာ မိမိအနေနဲ့ မျှဝေခြင်းလုပ်ငန်းဟာ မိမိခေါင်းထဲမှာ ရောက်လာပြီးတော့ ဆောင်ရွက်ခဲ့ပုံလေး အနည်းအကျဉ်း တင်ပြခွင့်ပြုပါ။ အချိန်ကတော့ ကျွန်တော်တို့ (၅)မိနစ်(၁၀)မိနစ်ထက် မပိုပါဘူး။ ပထမအချက်အနေနဲ့ ပြောရမယ်ဆိုလို့ရှိရင် ကျွန်တော် တောင်ငူတက္ကသိုလ်မှာရှိစဉ်တုန်းက တောင်ငူတက္ကသိုလ် ပါမောက္ခချုပ်ဘဝမှာ ကျောင်းသူ၊ ကျောင်းသားတွေက တောင်ငူတက္ကသိုလ်ကမြို့နဲ့မိုင်ပေါင်း (၅)မိုင်ကျော်ကျော်ဝေးတဲ့အတွက် သောက်ရေသန့်ပြဿနာ ကြုံတွေ့ဖူးပါတယ်။ သောက်ရေသန့် ပြဿနာကြုံတဲ့အချိန်မှာ ဒီသောက်ရေက မြို့ထဲကလာပို့မှ သောက်ရတယ်။ မပို့ရရင်မသောက်ရဘူး အနေအထားမျိုးဖြစ်ပါတယ်။ အဲဒီအခြေအနေမှာ တောင်ငူတက္ကသိုလ်မှာ ရေလှောင်ကန်တွင်းတစ်ခုရှိတဲ့အတွက် ရေလှောင်ကန်တွင်းရဲ့ PH ကို စစ်ဆေးကြည့်တော့ သတ်မှတ်တဲ့ စံနှုန်းမီတဲ့အတွက် ဒီရေလှောင်ကန်တွင်းကို အသုံးပြုပြီး သောက်ရေသန့်စက်တစ်ခုကို ထောင်နိုင်ရင် ကောင်းမယ်လို့ထင်ပါတယ်။ ယခုလက်ရှိတွေ့ရတဲ့ အခြေအနေအတိုင်းပါပဲ။ နိုင်ငံတော်ရဲ့ ဘတ်ဂျက်အတောအတွင်းမှာ ခွင့်ပြုနိုင်တဲ့အတိုင်းအတာမရှိပါဘူး။ ဘတ်ဂျက်အတိုင်းအတာရှိပြီးသား ပိုက်ဆံတွေကို လုပ်ချင်ပေမယ့်လည်း လုပ်လို့မရပါဘူး။ တိုင်းဒေသကြီးနှင့်ပြည်နယ်များ၊ အခုကြုံတွေ့နေရသလိုပါပဲ။ နိုင်ငံတော်ရဲ့ပြည်ထောင်စုဘတ်ဂျက်မှာမရှိသလို တိုင်းဒေသကြီးဘတ်ဂျက်မှာလည်း မရှိပါဘူး။

တက္ကသိုလ်ရဲ့ဘတ်ဂျက်မှာမရှိတဲ့ဟာကို တို့တစ်တွေစုပေါင်းပြီးတော့ ကမ္ဘာမှာ မြန်မာဟာ ထိပ်တန်းအရောက်ဆုံးက ဘာလဲဆိုရင် အခုအများပြည်သူသိပြီးသားဖြစ်တဲ့ အလှူတန်း ရက်ရောခြင်းဖြစ်ပါတယ်။ မိမိရဲ့ စေတနာသဒ္ဓါသလောက် ထည့်ဝင်တဲ့လှူဒါန်းပွဲလေးတစ်ခုကို အကြိမ်ကြိမ် အထပ်ထပ်ပြုနေတဲ့ဟာလေးကို လုပ်ကြရအောင်ဆိုပြီးတော့ တောင်ငူတက္ကသိုလ်မှာစတင်ခဲ့တဲ့ အချိန်က နေစပြီးတော့ အခြေပြုခဲ့တာဖြစ်ပါတယ်။ အဲဒီအချိန်ကတော့တတ်နိုင်လို့ရှိရင် ကျွန်တော် ပြောသလိုပေါ့။ ကျွန်တော်ပြောတဲ့မနေ့က လဘက်ရည်တစ်ခွက် လျှော့သောက်ဖို့မဟုတ်ပါဘူး။ လဘက်ရည်တစ်ခွက် တန်ဖိုးလောက်ရှိတဲ့ ပိုက်ဆံ(၂၀၀)(၃၀၀) လောက်ထည့်ပေးခြင်းအားဖြင့် တစ်ဦးချင်းရဲ့ Participation နဲ့ Max Participation(၂)ခုတွဲထားတာဖြစ်ပါတယ်။ ကျွန်တော်မှာ ဝန်ထမ်းပေါင်း (၅၀၀)ရှိပါတယ်။ (၅၀၀)ကနေပြီးတော့ ပါဝင်တဲ့နှုန်းဟာ လူ(၅၀၀)စာ ပါဝင်ခဲ့မယ်ဆိုရင် တွက်ပါတယ်။ ဒီတော့ ပါမောက္ခချုပ် အပါအဝင် ပါမောက္ခစတဲ့ ရာထူးများတဲ့သူတွေက ထောင်ဂဏန်းနဲ့ချီပြီးထည့်ပါတယ်။ (၂၀၀၀) (၃၀၀၀) (၄၀၀၀) (၅၀၀၀)ထည့်ပါတယ်။ အောက်ခြေဝန်ထမ်းသားတွေက (၂၀၀) (၃၀၀) ထည့်ပါတယ်။ မိမိနိုင်သလောက် ထည့်ပါတယ်။ (၂၀၀) (၃၀၀)ဟာ ယခုခေတ်မှာ နန်ကြီးမုန့်တီတစ်ပွဲ(၁၅၀၀)ဖြစ်နေချိန်မှာ (၂၀၀)(၃၀၀)ဟာ အပန်းမကြီးပါဘူး။ ဒါပေမဲ့ လူအားလုံးရဲ့ ပါဝင်မှုရဲ့ သူတို့ရဲ့အလှူငွေကို ကြည့်လိုက်တဲ့အခါမှာ မိမိအနေနဲ့ အံ့သြစရာကောင်းတာက ဒီလို မျှဝေခြင်းလုပ်ငန်းဟာ ဒီတစ်ကြိမ် လုပ်လိုက်တာနဲ့ ငွေ(၁၅)သိန်း ထွက်လာတာ တွေ့ရပါတယ်။ ဒီ(၁၅)သိန်းနဲ့ တောင်ငူတက္ကသိုလ်မှာရှိတဲ့ကျောင်းသူ၊ ကျောင်းသားတွေအကုန်လုံး ဌာနစုံရဲ့ သောက်ရေသောက်ခြင်းကို စီစဉ်ဖန်တီးခဲ့နိုင်ပါတယ်။

ဒုတိယဖန်တီးနိုင်တဲ့ မျှဝေခြင်းလုပ်ငန်းကတော့ ကျွန်တော် တောင်ငူတက္ကသိုလ်မှာရှိစဉ်ကာလက စပါးစိုက်ပျိုးရေးလုပ်တော့ စပါးဖြန့်ဝေတဲ့ လုပ်ငန်းကြီးဖြစ်ပါတယ်။ အဲဒီလုပ်ငန်းကို ဆောင်ရွက်တဲ့ အချိန်ကာလလေးမှာ ဒီမျှဝေခြင်းလုပ်ငန်းဆောင်ရွက်ဖို့၊ ဒီလိုပါပဲ လစဉ်ကောက်တာ မဟုတ်ပါဘူး။ နေ့စဉ်ကောက်တာမဟုတ်ပါဘူး၊ တစ်နှစ်မှာ တစ်ခါပါ၊ အခက်အခဲတွေ့တဲ့ အခြေအနေ

ကာလမှာ ကြုံကြိုက်တဲ့အချိန်မှာဆောင်ရွက်တဲ့ လုပ်ငန်းမျိုးဖြစ်ပါတယ်။ ဗမာတွေရဲ့ ရက်ရောတတ်တဲ့ သဘာဝကို အခြေခံပြီးတော့ ဆောင်ရွက်ခဲ့တာဖြစ်ပါတယ်။ အဲဒီအချိန်ကာလမှာတော့ ပိုပြီးထူးထူး ခြားခြားဖြစ်တာက ကျွန်တော်တို့ရဲ့ မျှဝေခြင်းလုပ်ငန်းကို ဆောင်ရွက်လိုက်တဲ့အချိန်မှာ တောင်သူ လယ်သမားတွေကို ကျွန်တော်တို့က မျိုးစေ့တွေကို ဝေငှပါတယ်။ နည်းပညာကိုလည်း ပေးပါတယ်။ ပေါင်းထိုးတဲ့ကိရိယာတွေကိုလည်း ဝေငှပါတယ်။ ဒီမျှဝေခြင်းလုပ်ငန်းကို တတ်နိုင်တဲ့သူများသည် မျှဝေ ပေးပါ။ မရှိတဲ့သူကို တောင်းတာမဟုတ်ပါဘူး။ မရှိတဲ့သူကို ပေးကမ်းနိုင်ရန်အတွက် လိုအပ်တဲ့ နေရာကို ပေးကမ်းနိုင်ရန်အတွက် ဘယ်နေရာကို ကျွန်တော်မျှဝေဖို့ ကြိုးစားတာလည်းဆိုရင် ပိုလျှံသော သူများ အပိုသုံးတဲ့သူများရဲ့ မျှဝေတဲ့ပိုက်ဆံများနှင့် ဆောင်ရွက်ပေးတာဖြစ်ပါတယ်။ ဒီလိုလုပ်လိုက် တဲ့အချိန်မှာ ကံအားလျော်စွာ အဲဒီအချိန်ကာလက ပထမအချီမျှဝေခြင်းလုပ်တုန်းက (၁၅)သိန်းရပါ တယ်။ ဒုတိယအချီ မျှဝေခြင်းလုပ်တဲ့အချိန်ကျတော့ ကျွန်တော် သိန်း(၅၀)တောင် ရပါတယ်။ ဘယ်ကသိန်း(၅၀)ရသလဲလို့ဆိုတော့ ကျွန်တော်ရဲ့ ဝန်ထမ်းတွေကတော့ ထုံစံအတိုင်းပဲ ကျွန်တော်ရဲ့ Capacity အရ လူ(၅၀၀)ရှိတဲ့ Capacity အရ (၁၅)သိန်းထွက်တယ်။ လာပြီးတော့ ဆောက်လုပ် နေတဲ့ ကုမ္ပဏီ ဒီဟာကတော့ ကုသိုလ်လုပ်တာပဲဆိုပြီးတော့ (၁၀)သိန်းထည့်ပါတယ်။

မြို့ခံရှိတဲ့ CB ဘဏ်ဥက္ကဋ္ဌကလည်း (၁၅)သိန်းထည့်လိုက်တဲ့အတွက် ကျွန်တော်စုစုပေါင်း ကျွန်တော်ရဲ့မိသားစုက ဥပမာအားဖြင့် လွယ်လွယ်လေးပါ၊ ကျွန်တော်ရဲ့ အိမ်ကသမီးနဲ့ သမက် ဖြစ်တဲ့သူကို ပြောပြ၊ ကျွန်တော်တို့လည်း ပါမှာပေါ့၊ ထည့်မယ်ဆို ထည့်လိုက်တဲ့ဟာလေးပါ။ အပန်းမကြီးတဲ့ ပိုက်ဆံလေးတွေနဲ့ ထည့်စုဆောင်းလိုက်တာပါ။ သိန်း(၅၀)ဖြစ်တဲ့အတွက် တောင်ငူ မှာရှိတဲ့ လယ်သမားတွေအားလုံးကို လုပ်ကိုင်ခွင့်မျှဝေခြင်းပါ။ ကျွန်တော်အခု ဒီမှာ ဝန်ကြီးဌာနမှာ တာဝန်ယူတဲ့အခါမှာ (၁)ကြိမ် မျှဝေခြင်းတစ်ခုကို ကျွန်တော် လုပ်ခဲ့ပါတယ်။ အဲဒီမျှဝေခြင်းကတော့ အခုကြားနေတဲ့ အထက်မင်းကင်းမှာရှိတဲ့ သဘော်မှောက်တဲ့အခြေအနေမှာဖြစ်ပါတယ်။ နိုင်ငံတော်ကနေ ပေးကမ်းတဲ့ဟာ (၁၀)သိန်းကျော်ဖြစ်ပါတယ်။ ကျွန်တော့်ဌာနမှာ ဝန်ထမ်းပေါင်း(၆၀၀၀၀)ကျော်ရှိတဲ့ အတွက် မင်းတို့တတ်နိုင်သလောက် မျှဝေပါလို့ပြောတဲ့အတွက် သိန်း(၈၀)(၁၀၀)။ အဲဒီသေဆုံးသွားတဲ့ ဝန်ထမ်းရဲ့ မိသားစုကို မျှဝေနိုင်ပါတယ်။ မျှဝေတဲ့သူဟာ (၂၀၀)(၃၀၀)ပဲ ထည့်တာပါ။

ဒါကြောင့်မို့လို့ မျှဝေခြင်းလုပ်ငန်းသည် ကျွန်တော့်အနေနဲ့ မနေ့ကပြည်သူ့လွှတ်တော်မှာ ပြောတာ ကျွန်တော်တို့ ဝန်ကြီးဌာနက စတင်ဆောင်ရွက်နေပါပြီ။ မျှဝေပါတော့မယ်။ ဘာကြောင့် ဒီစကားတွေပြောရသလဲဆိုရင် ပြည်သူ့လွှတ်တော်က ဒေါက်တာဒေါ်ခင်ညို က ကျွန်တော့်ဆီကို ခဏခဏ လာပြောပါတယ်။ သူရဲ့ ဆည်ကြီး၊ အများသုံးတဲ့သောက်ရေကန်ကြီး၊ ဒီသောက်ရေကန်ကြီးကို သူလုပ်ချင်ပါတယ်။ ဒါပေမဲ့ ဘတ်ဂျက်ကြည့်တော့ တိုင်းဒေသကြီးလှမ်းမေးတော့လည်း ဘတ်ဂျက် မရှိဘူး။ ပြည်ထောင်စုဘတ်ဂျက်ကလည်း စည်ပင်သာယာထိန်းတဲ့အတွက် လုပ်ပိုင်ခွင့်မရှိဘူး။ ဘယ်လောက် ကုန်ကျမလဲမေးတော့ ဆီဂါလံ(၂၀၀၀)ရှိရင် ကျွန်တော်တို့မှာရှိတဲ့ စက်အားနဲ့သူ့ကို ဆောင်ရွက် ပေးနိုင်တဲ့ အတိုင်းအတာရှိပါတယ်။ ဒီအချိန်ကျလို့ရှိရင် ဘယ်လောက်ကုန်မှာလဲလို့ မေးလိုက်တော့ (၅)သိန်း(၆)သိန်းလောက်ပဲ ဆီဖိုးကျပါမယ်။ ပြောပါတယ်။ စက်ရှိပြီးပြီ။ ကျွန်တော်တို့က ပြင်ဆင်ပေး မယ်ဆို သူ့မှာရေလည်း အလုံအလောက်ရနိုင်တဲ့ အကြံအစည်။ ဒါတွေကိုလုပ်ဖို့ရာအတွက် မျှဝေခြင်း အစီအစဉ်ကို ငါတို့ဝန်ကြီးဌာနက ဆောင်ရွက်ကြရအောင်၊ ဒီတော့မျှဝေခြင်းအစီအစဉ်မှာ လုပ်တဲ့

အချက်သည် လူတစ်ယောက်ရဲ့ စေတနာသဒ္ဓါတရား ထက်သန်မှုနှင့် မိမိရဲ့ပိုလျှံတဲ့ငွေ မိမိအသုံးပြုမယ့်ငွေကို မိမိရဲ့စေတနာ ထက်သန်သန်နဲ့ ဆောင်ရွက်မှာဖြစ်ပါတယ်။

ဒါကြောင့်မို့လို့ ကျွန်တော်ရဲ့ မျှဝေခြင်းကို ပြင်ထားတဲ့စာလေးကို ကျွန်တော်နည်းနည်းလေး ဖတ်ပြချင်ပါတယ်။ မျှဝေခြင်းဆိုတာကတော့ လုပ်ဖော်ကိုင်ဖက် ညီအစ်ကိုမောင်နှမရောင်းရင်းတွေကို မျှဝေခြင်းအစီအစဉ် ရည်ရွယ်ချက်ကလေးတွေ ရှင်းလင်းတင်ပြပါတယ်ဆိုပြီး ကျွန်တော်ရဲ့ဝန်ကြီးဌာနမှ စာထုတ်ပါတယ်။ မျှဝေခြင်းအစီအစဉ်လေးရဲ့ အဓိကရည်ရွယ်ချက်ကတော့ မိမိရဲ့ပိုလျှံနေတဲ့ အပိုသုံးငွေကို အမှန်တကယ် လိုအပ်လျက်ရှိတဲ့သူများအတွက် မိမိတတ်စွမ်းသရွေ့ ကူညီဆောင်ရွက်ပေးခြင်းပဲဖြစ်ပါတယ်။ လူတစ်ဦးရဲ့ အနည်းငယ်ငွေကြေးပါဝင်မှု၊ လူအများရဲ့ပူးပေါင်းပါဝင်မှုဖြစ်တဲ့ (Max Participation) ကိုပေါင်းစပ်ပြီး ဆောင်ရွက်မယ့်နည်းလမ်းပဲဖြစ်ပါတယ်။ မျှဝေခြင်းအစီအစဉ်ရဲ့ ထည့်ဝင်လှူဒါန်းငွေနှင့် ကျန်းမာရေး၊ ပညာရေးလိုအပ်ချက်၊ လူမှုရေးလိုအပ်ချက်များ၊ ရေတွင်းရေကန်တူးဖော်ခြင်းစသည့် သောက်သုံးရေဆိုင်ရာကိစ္စရပ်များ၊ လမ်းပန်းဆက်သွယ်မှု လုံခြုံချောမွေ့ရေးဆိုင်ရာကိစ္စရပ်များကို တစ်တပ်တစ်အား ပါဝင်ကူညီခြင်းဖြင့် ကမ္ဘာမှာရက်ရောမှုအရှိဆုံးလို့ မြန်မာ့ဂုဏ်ကိုမြှင့်တင်ပြီး အမှန်တကယ်လိုအပ်တဲ့နေရာများအတွက် ကူညီဆောင်ရွက်ပေးသွားရန် ရည်ရွယ်ခြင်းဖြစ်ပါတယ်။

မျှဝေခြင်းအစီအစဉ်ကို ထည့်ဝင်လှူဒါန်းမှုဟာ မည်သည့်တွန်းအားပေးမှု တစ်ခုမှ ပါဝင်ခြင်း မရှိပါဘူး။ မိမိတစ်ဦးချင်းစီရဲ့ စေတနာ၊ သဒ္ဓါတရားထက်သန်မှုအရသာ ဆုံးဖြတ်ထည့်ဝင် ကူညီပေးတဲ့ အစီအစဉ်တစ်ရပ် ဖြစ်ပါတယ်။ တစ်နှစ်တာကာလအတွင်းမှာ တစ်ကြိမ်က မျှဝေပေးခြင်းဖြင့်ပင် လိုအပ်ချက်ရှိသူများအတွက် အမှန်တကယ်အကျိုးဖြစ်ထွန်းစေမှာ ဖြစ်တဲ့အတွက် မိမိဆန္ဒနှင့်အညီ ပါဝင်ဆောင်ရွက်ဖို့ အသိပေးအပ်တယ်ဆိုပြီးတော့ ကျွန်တော့်ဝန်ကြီးဌာနမှာ ကျွန်တော်ဒီစာတစ်စောင်ကို ထုတ်ပြန်တာဖြစ်ပါတယ်။ ဒါ့အပြင် ကျွန်တော့် မထုတ်ပြန်ရသေးပါဘူး၊ ကျွန်တော့်ဝန်ကြီးဌာနကို ကျွန်တော်(၃၀၀)နှုန်းနဲ့ ဝန်ထမ်းပေါင်း(၆၀၀၀၀)ကျော်ရှိတော့ ကျွန်တော်ခန့်မှန်းလိုက်တာ တောင်ငူတက္ကသိုလ်တုန်းက မျှဝေရင် ဝန်ထမ်းပေါင်း(၄၀၀)နဲ့(၅၀၀)ကြားရှိတာပါ။ (၁၅)သိန်းရတယ်။ ကျွန်တော့်ဝန်ကြီးဌာနကမျှဝေရင် ကျွန်တော် သိန်း(၂၀၀)ရမယ်လို့ခန့်မှန်းပါတယ်။ (၃၀၀)နှုန်းနဲ့ပဲ ခန့်မှန်းလိုက်တဲ့အခါမှာ ဒါထက်ပိုပါလိမ့်မယ်။ ဒါပေမဲ့ ကျွန်တော့် ဒီမျှဝေခြင်းလုပ်ငန်းဟာ မနေ့က စတင်လိုက်တဲ့ အကောင်အထည်ဖော်တာ၊ ဒါပြည်သူလူထုရဲ့ ဒီမျှဝေတဲ့လုပ်ငန်းသည် မျှဝေပေးသောသူမှာ ပင်ပန်းမှုမရှိပါဘူး။ မျှဝေခံရတဲ့သူမှာ အကျိုးရှိပြီးတဲ့ လုပ်ရပ်ကြီးဖြစ်တဲ့အတွက် ဒီစနစ်ကြီးကို အကောင်အထည်ဖော်ဖို့ ကျွန်တော်ပြောပါတယ်။ ဒီမှာ လာဖြေတိုင်း၊ဖြေတိုင်း ဘတ်ဂျက်ရှိပါသလား။ မရှိပါဘူး။ ဒီနှစ်ကတော့ မရှိပါဘူး။ နောက်နှစ်ကျမှအစီအစဉ်အရ တင်ပြရမယ်ဆိုတဲ့ဟာကြီး၊ ဒီခံစားချက်အတွင်းကနေ ကျွန်တော်ရဲ့စိတ်ထဲမှာ ဖြစ်ပေါ်လာခြင်း ဖြစ်ပါတယ်။ ကံအားလျော်စွာ ဒီနေ့မနက်ပဲ ဒီလွှတ်တော်မလာမီ (၁၀)မိနစ်အလိုမှ အမီရောက်ပါတယ်။ မနက်အတောအတွင်းမှာ လယ်ယာလုပ်သားတွေက ဆည်မြောင်းတွေကနေ မြောင်းပိတ်၊ ချောင်းပိတ်တွေ ဖြစ်ပါတယ်။

ကျွန်တော့် ဝန်ကြီးဌာနရဲ့ မျှဝေခြင်းလုပ်ငန်းအနေနဲ့ ဆောင်ရွက်ပေးခဲ့ပြီးဖြစ်ပါတယ်။ ဒီထက်ပို ဝမ်းသာစရာကောင်းတဲ့သတင်းက ဒီသတင်းကိုကြားတဲ့အခါမှာ ဆက်သွယ်လာတဲ့ လူတချို့ရှိပါတယ်။ အဲဒီ့ထဲကနေမှ အလွန်မတန် ငွေကြေးချမ်းသာတဲ့သူများကနေပြီးတော့ သိန်း(၁၀၀၀) မျှဝေချင်ပါတယ်ဆိုတဲ့ သတင်းကို ကျွန်တော်ဆီကို ရောက်လာပါတယ်။ ကျွန်တော်ရဲ့ ဆောင်ရွက်ချက်

ကတော့ အဲဒါပဲဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ ဒီဟာသည် မြန်မာနိုင်ငံတစ်နိုင်ငံ၊ တစ်လျှားလုံးမှာ မိမိရဲ့ ပိုလျှံတဲ့ငွေကို မျှဝေတဲ့လုပ်ငန်းကြီးဟာ မပင်မပန်းနဲ့ နေ့တိုင်းကောက်တာမဟုတ်ဘူး။ ကျွန်တော့် ဝန်ထမ်းက လိုအပ်လို့ရှိရင် ကောက်လိုက်လို့ရှိရင် သိန်း(၂၀၀)အမြဲတမ်း ထွက်နေတဲ့နေရာက တကယ်လိုအပ်ချက်မှာ ဝန်ကြီးဌာန ငါတို့လှူကြရအောင်ဟော့လို့ ပြောလိုက်တာနဲ့ တစ်ပြိုင်နက်တည်း ဒီ ပိုက်ဆံထွက်ရင် နိုင်ငံ့အကျိုးပြုလုပ်ငန်းကို ဆောင်ရွက်မယ့် လုပ်ငန်းဖြစ်ပါတယ်။ ဒါဟာ ကျွန်တော့် ဝန်ကြီးဌာန တစ်ခုတည်းမဟုတ်ဘဲနဲ့ အားလုံးပူးပေါင်း ပါဝင်ဆောင်ရွက်မယ်ဆိုရင် ဒီမျှဝေခြင်း လုပ်ငန်းကြီးနဲ့ ရှိသောသူများက မရှိတဲ့သူတွေကို ကူညီနိုင်မှာ၊ ဆောင်ရွက်နိုင်မှာ၊ လုပ်ပေးနိုင်မှာကို တင်ပြရင်းနဲ့ပဲ ခွင့်ပြုပေးတဲ့၊ ပြောခွင့်ပေးတဲ့ ဥက္ကဋ္ဌကြီးကို ကျေးဇူးတင်ရှိကြောင်း ပြောကြားလိုပါ တယ်။ အားလုံးကိုလည်း ကျေးဇူးတင်ပါတယ်ခင်ဗျား။ (သြဘာသံများ)

**အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက ဒုတိယအကြိမ် အမျိုးသားလွှတ်တော် တတိယပုံမှန်အစည်းအဝေး ဒသမနေ့ရပ်နားကြောင်းနှင့် (၁၁)ရက်မြောက်နေ့ အစည်းအဝေး ဆက်လက်ကျင်းပမည့် နေ့ရက်နှင့် အချိန်ကို ကြေညာခြင်း**

**အချိန်၊ ၁၁း၀၁။**

**ဥက္ကဋ္ဌ**။ ။အစီအစဉ်(၆)ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခင်ဗျား။ ယခု ဒုတိယအကြိမ် အမျိုးသားလွှတ်တော် တတိယပုံမှန်အစည်းအဝေး ဒသမနေ့ကို ရပ်နား ပါမယ်။ ဒုတိယအကြိမ် အမျိုးသားလွှတ်တော် တတိယပုံမှန် အစည်းအဝေး (၁၁) ရက်မြောက် နေ့ကို ၂၀၁၆ ခုနှစ်၊ ဒီဇင်ဘာလ ၅ ရက်(တနင်္လာနေ့) နံနက် ၁၀း၀၀ နာရီအချိန်မှာ ဆက်လက် ကျင်းပမည် ဖြစ်ကြောင်း ကြေညာပါတယ်။(သြဘာသံများ)

**အခမ်းအနားမှူး**။ ။ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ ပြန်လည်ထွက်ခွာပါပြီ ခင်ဗျား။

**အခမ်းအနားမှူး**။ ။ အားလုံး ထွက်ခွာနိုင်ကြပါပြီ ခင်ဗျား။

[ဒုတိယအကြိမ် အမျိုးသားလွှတ်တော် တတိယပုံမှန်အစည်းအဝေးဒသမနေ့ကို ၁၁း၀၁ နာရီအချိန်တွင် ရပ်နားပါသည်။]